# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ [၅၅]၊ အမှတ် [၁၈၀]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

* အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်းဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တပ်မတော်နေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတက်ရောက်

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဥယျာဉ်စာရင်ပြင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အစိုးရနှင့်အတူ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်သည့်နေရာတွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်



နေပြည်တော် မတ် ၂၇

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ တပ်မတော်နေ့ဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရရှိစွာ ကျင်းပသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ☆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။** (သတင်းစဉ်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စတော့ရှယ်ယာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံသူများ

စီးပွားရေးအတန်အသင့်ကောင်းလာသူများ ငွေကြေးအပိုအလျှံရှိသူများအနေဖြင့် ပို၍တိုးပွားလာအောင် တစ်နေရာရာ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လေ့ရှိကြပါသည်။ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် နေရာများစွာရှိပါသည်။ အချို့က စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည်။ အချို့က ငွေကို ငွေနှင့်ရင်းပြီး လုပ်ကိုင်ကြသည်။ စတော့အိတ်ချိန်းသည် ငွေကိုငွေနှင့်ရင်းပြီး လုပ်ကိုင်နိုင်သော နေရာသစ်တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ငွေပိုငွေလျှံရှိသူများအနေဖြင့် အိမ်ခြံမြေနှင့် ရွှေစုဆောင်းခြင်းတို့ကို ပြုလုပ်တတ်ကြပါသည်။ တစ်ချိန်က မော်တော်ကားဈေးကွက်သည် ရင်းနှီးမြှုပ်နှံရေးဈေးကွက်တစ်ခု ဖြစ်ခဲ့ပါသည်။ ယခုအခါ မော်တော်ကား တင်သွင်းမှုမူဝါဒကြောင့် မော်တော်ကားဈေးကွက်သည် ရင်းနှီးမြှုပ်နှံရေးနေရာတွင် အဆုံးသတ်ခဲ့ရပါသည်။ ထိုအတောအတွင်း အိမ်ခြံမြေများသည် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဓိကနေရာသစ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။

ယခုတစ်ဖန် စတော့အိတ်ချိန်းသည်လည်း ငွေကြေးအပိုအလျှံရှိသူများအတွက် ရင်းနှီးမြှုပ်နှံရန် နေရာသစ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပြီဖြစ်ပါသည်။ စတော့ရှယ်ယာစတင်ထုတ်ရောင်းသည့်နေ့မှာပင် ရှယ်ယာများသိန်းချီရောင်းခဲ့ရပြီး ငွေကျပ်ဘီလီယံနှင့်ချီ၍ စတော့ရှယ်ယာဈေးကွက်အတွင်း စီးဝင်သွားခဲ့ပါသည်။ စတော့ရှယ်ယာဟူသည် ရောင်းလိုအား၊ ဝယ်လိုအားအပေါ် မူတည်ပြီး အတက်အကျဖြစ်ပေါ်နိုင်ပါသည်။ သို့သော်လည်း ထွန်းသစ်စ စတော့ဈေးကွက်အတွင်း ဝယ်လိုအားသည် ဆက်လက်မြင့်တက်နေခြင်းကြောင့် ရှယ်ယာဈေးနှုန်းမှာ အတက်ဘက်တွင်ရှိနေရာ ရင်းနှီးမြှုပ်နှံထားသူများအတွက် အကျိုးအမြတ်ရလဒ်ကောင်းများ ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်သည် တဖြည်းဖြည်း ကြီးထွားလာမည့်အနေအထားဖြစ်ပါသည်။ ရှယ်ယာထုတ်ရောင်းခွင့်ရသည့် Listed ကုမ္ပဏီများကို တစ်ပြိုင်တည်း ရှယ်ယာထုတ်ရောင်းခြင်းမဟုတ်ဘဲ တစ်ခုပြီးတစ်ခု ခွင့်ပြုပေးရခြင်းကြောင့် တဖြည်းဖြည်းရှယ်ယာဈေးကွက်သည် ကျယ်ပြန့်ကြီးထွားလာမည် ဖြစ်သည်။ စတော့ရှယ်ယာများ ဝယ်ယူထားခြင်းဖြင့် မိမိဝယ်ယူသော ဈေးနှုန်းထက် ပိုမိုမြင့်မားသည့် ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချခြင်းမှ အမြတ်အစွန်းရရှိခြင်း၊ မိမိကိုင်ဆောင်ထားသော စတော့ရှယ်ယာများမှ ပုံမှန်အမြတ်ဝေစုများရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ စတော့ရှယ်ယာပေါ်ပေါက်လာခြင်းသည် ငွေကြေးရင်းနှီးမြှုပ်နှံလိုသူများအတွက် နေရာသစ်တစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# မွန်ပြည်နယ် ရာမညကုန်သွယ်မှု ဗဟိုဌာနဖွင့်

**မော်လမြိုင် မတ် ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဖွင့်လှစ်သော ရာမညကုန်သွယ်မှု ဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်း ရွှေတောင်ရပ် ဘုရင့်ရုံရှေ့၌ ကျင်းပသည်။



အဆိုပါဌာနကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာ မင်းနွယ်စိုးနှင့် ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်မှူး ဦးစိုးသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ရာမညကုန်သွယ်မှု ဗဟိုဌာနကို စီးပွားရေးနှင့်ကုန်သွယ်မှု၊ သတင်းအချက်အလက်များ ထိရောက်စွာ စုဆောင်းဖြန့်ချိပေးနိုင်ရန်၊ ကုန်သွယ်မှုမြှင့်တင်ရေး ဝန်ဆောင်မှုလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# သထုံ၌ ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းဆင်းပွဲကျင်းပ

**သထုံ မတ် ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အဖွဲ့ (SCC) မှ ရန်ပုံငွေထောက်ပံ့ပေးပြီး ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဖောင်ဒေးရှင်း (Swisscontact) မှ နည်းပညာများထောက်ပံ့မှုတို့ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာအဖွဲ့အစည်း (IOM) တို့ချိတ်ဆက်ကာ ဆောင်ရွက်သည့် ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းလုပ်ငန်းစဉ်အရ ဖွင့်လှစ်ခဲ့သည့် သက်မွေးသင်တန်းများဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းကို မတ် ၂၄ ရက် နံနက် ၁၁ နာရီက သထုံမြို့ သိမ်ကုန်းရပ်ကွက် နတ်စင်လမ်းရှိ သင်တန်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းနှင့် Swisscontact မှ Gunder and Government officer ဒေါ်မြမာလာတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းနှုတ်ဆက်စကားများ ပြောကြားကြပြီး တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

သင်တန်းတွင် သက်မွေးပညာရပ်များဖြစ်သည့် စက်ပြင်သင်တန်းနှင့် စက်ချုပ်ပညာရပ်များတို့ကို သင်တန်းတစ်ခုစီတွင် သင်တန်းသား ၂၀ စီဖြင့် သထုံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ သင်တန်းသားစုစုပေါင်း ၄၀ ရွေးချယ်ကာ သုံးလကြာ အခမဲ့သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အချိန်မရွေး ကျိုးကျနိုင်၍ သစ်ကိုင်းများ ခုတ်လှဲပေးစေချင်

**ထင်သာမြင်သာပြုပြင်စရာ**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားဈေးတန်းတစ်လျှောက်ရှိ ကုက္ကိုပင်ခြောက်ကြီးများသည် ရာသီမရွေး အချိန်မရွေး သစ်ကိုင်းများကျိုးကျနိုင်၍ ပြည်သူများအန္တရာယ်ရှိနေသဖြင့် သက်ဆိုင်ရာမှ အချိန်မီခုတ်လှဲပေးရန် ဒေသခံများက လိုလားနေကြောင်း သိရသည်။

"ဒီသစ်ပင်ခြောက်ကြီးတွေက ကုက္ကိုပင်တွေဆိုတော့ ကျိုးလွယ်တယ်။ ပြီးတော့ အကိုင်းတွေကကွဲနေတာ။ အချိန်မရွေး ရာသီမရွေး သစ်ကိုင်းတွေ ကျိုးကျနိုင်တယ်။ ဒီအပင်ခြောက်ကြီးတွေအောက်မှာ ဈေးဆိုင်ကလေးတွေရှိတယ်။ ဆိုင်တွေမှာ လူတွေနေကြတယ်။ တကယ်လို့များ ဒီအန္တရာယ်များတဲ့ အပင်ခြောက်ကြီးတွေက သစ်ကိုင်းကျိုးကျရင် အောက်က လူနေဈေးဆိုင်ကလေး တွေ ဒုက္ခရောက်ကုန်မှာ။ ဒါကြောင့် အန္တရာယ်မကြုံမီ တာဝန်ရှိသူတွေက လိုအပ်သလို ဆောင်ရွက်မှ ဘေးကင်းမှာပါ" ဟု နဘားဘူတာ ဝန်ထမ်းတစ်ဦးက ပြောသည်။

**ကိုမင်း(အင်းတော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၇.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၇.၈၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၆.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၄၉ |

ခင်ရတနာ-စုစည်းသည်။

*✻ ရှေ့ဖုံးမှ*

တပ်မတော်နေ့အထိမ်းအမှတ် ညစ္စာခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ဂုဏ်ပြုသည်။

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ လွှတ်တော်ကော်မတီများမှဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သီဟသူရဘွဲ့၊ သူရဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန်သဘင်ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေကြသည့် အနုပညာရှင်များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများမှ စစ်သည်၊ စစ်သမီးများနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အနုပညာရှင်များနှင့် တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူများအားဂုဏ်ပြု

**နေပြည်တော် မတ် ၂၇**

(၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် အညတရမိုးကောင်းကင်ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အညတရမိုးကောင်းကင်ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။



**စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက တပ်မတော်နေ့ဂုဏ်ပြု အညတရမိုးကောင်းကင်ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အကယ်ဒမီဝေဠုကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။** (မြဝတီ)

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက တပ်မတော်နေ့ဂုဏ်ပြု အညတရမိုးကောင်းကင်ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် ဇာတ်ကားဖြစ်မြောက်ရေး တာဝန်ခံ ဗိုလ်မှူးကြီး ခင်မောင်ချို၊ ထုတ်လုပ်မှုတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ ဝတ္ထု၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဗိုလ်ကြီးတင်အောင်စိုး၊ စက်မှုနှင့် တည်းဖြတ် ဗိုလ်ကြီးဗညားအောင်၊ ဒါရိုက်တာနှင့် သရုပ်ဆောင်အကယ်ဒမီ ဝေဠုကျော်၊ ရုပ်ရှင်သရုပ်ဆောင် နေဒွေး၊ အေးမြတ်သူ၊ အကယ်ဒမီ မေသဥ္ဇာဦး၊ အကယ်ဒမီ ယွန်းယွန်း၊ ဂွမ်းပုံ၊ မိုးလရောင်နှင့် ဟန်ဆက်လူလူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် မောင်မောင်အေးက (၇၁) နှစ်မြောက်တပ်မတော်နေ့ စစ်ချီတေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီး ဖုန်းမြင့်၊ ဒုတိယဆုရရှိသော ဒေါ်ခင်မိုးထွေး/မိုးသူ(သုခမ)၊ တတိယဆုရရှိသော တပ်ကြပ်ကြီး စောစဲနေကနဲစော၊ နှစ်သိမ့်ဆုရရှိသော ဦးဝေလင်း (ဝေလင်း-သုခမ)နှင့် တပ်ကြပ်ကြီး ဇော်မျိုးထွန်း၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီး ဉာဏ်ပိုင်စိုး (စစ်သူ)၊ တတိယဆုရရှိသော တပ်ကြပ်ကြီး ဖုန်းမြင့်၊ နှစ်သိမ့်ဆုရရှိသော ဒေါ်မေသန့်ရွှေ(ငယ်သန့်-သုခမ)နှင့် ဦးဝေလင်း(ဝေလင်း-သုခမ)တို့အား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မိုးမြင့်ထွန်းက ကဗျာတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးမိုးအောင်(မောင်မောင်မိုးအောင်)၊ ဒုတိယဆုရရှိသော ဦးအေးဝင်း (မင်းသစ်ဝင်း- ကျောက်တံခါး)၊တတိယဆုရရှိသော ဦးမြင့်ငွေ (ချမ်းမြဆောင်း-ကလော)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကျော်ကျော် (မနောသစ်-ပခုက္ကူ)၊ ကဗျာရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)၊ ဒုတိယဆုရရှိသော ဦးမျိုးငွေး(ဝင်းနွယ်-သစ်တော)၊ တတိယဆုရရှိသော ဒေါ်ခိုင်သူဇာဝင်း (ခင်လယ်လယ်ချစ်-မြန်ဂုဏ်)၊ နှစ်သိမ့်ဆုရရှိသော ဗိုလ်မှူးတင်ထွန်း(ငြိမ်း) (မောင်ရင်ငြိမ်း)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်နေ့ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ရဲဝင်းက ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဗိုလ်မှူးကျော်ရဲသိန်း (ကျော်တေဇ-ဥက္ကလာ)၊ ဒုတိယဆုရရှိသော ဗိုလ်မှူး မြင့်ဇော်လင်း (မျိုးချစ်)၊ တတိယဆုရရှိသော ဦးစံရွှေမင်း(ကျော်ဖြိုးလွင်)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး/စာရေးဆရာ မောင်မောင်လွင်(မောင်မောင်လွင်-ရွှေဘိုသား)နှင့် တပ်ကြပ်ဟန်စိုး (ဟန်စိုး-မြစ်ကျိုး)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဗိုလ်ကြီးဇော်ဝင်းဦး (လွတ်လပ်မောင်-ဆိပ်ဖြူ)၊ ဒုတိယဆုရရှိသော ဒေါ်မြင့်မြင့်သိန်း(တက္ကသိုလ်မြမဥ္ဇူ)၊ တတိယဆုရရှိသော ဗိုလ်ကြီး ဝင်းထက် (ဝမ်းထက်မိုး-ဇီနို့-အောင်လံ)၊ နှစ်သိမ့်ဆုရရှိသော ဦးအောင်ကျော်မိုး (သင်မိုးနီ)နှင့် ဦးအောင်ကိုကိုဦး(ထက်ဝေအောင်-စစ်ကိုင်း)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# စာပေဟောပြောပွဲ သုံးခွမြို့၌ ကျင်းပ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့၌ ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် စာပေဟောပြောပွဲကို မတ် ၂၆ ရက် ည ၇ နာရီခွဲက ဒေါ်မိန်းခလေးပြည်သူ့စာကြည့်တိုက်ရှေ့၌ကျင်းပရာ စာရေးဆရာများဖြစ်သော ဆရာမြင်းမူမောင်နိုင်မိုးက ဘဝထဲက ကဗျာ၊ ကဗျာထဲကဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမောင်ခင်မင် (ဓနုဖြူ) က ပျားရည်တစ်စက်၊ ကြက်စွပ်ပြုတ်တစ်ဇွန်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာလယ်တွင်းသားစောချစ်က ဘဝနှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများဟောပြောခဲ့ရာ စာပေချစ်မြတ်နိုးသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ချယ်ရီပန်းပွဲတော် ဝါရှင်တန်၌ ကျင်းပ



**ဝါရှင်တန် မတ် ၂၇**

နွေဦးရာသီရောက်သည့် အထိမ်းအမှတ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့အကြား ခိုင်မြဲသောဆက်ဆံရေးအထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သော အမျိုးသားချယ်ရီပန်းပွဲတော်ကို ဝါရှင်တန်၌ စတင်ကျင်းပနေပြီဖြစ်သည်။

အမေရိကန်မြို့တော် ဝါရှင်တန်တွင် ပိုတိုမက်မြစ်ကမ်းဘေးတစ်လျှောက်နှင့် အခြားသောနေရာများစွာတို့တွင် စိုက်ပျိုးထားသော ချယ်ရီပန်းပင်တို့သည် ၁၉၁၂ ခုနှစ်က တိုကျိုမြို့တော်ဝန်၏ လက်ဆောင်တစ်ခုဖြစ်သည်။

ယင်းအပင်တို့သည် ပုံမှန်ထက်ရက်သတ္တတစ်ပတ်ခန့်စော၍ ပွင့်နေကြပြီဖြစ်သည်။

စနေနေ့က ကျင်းပသော ဖွင့်ပွဲအခမ်းအနား၌ ဝါရှင်တန်မြို့တော်ဝန်က "ဒါဟာ တစ်ချိန်တုန်းက ဂျပန်လူမျိုးတွေပေးခဲ့တဲ့လက်ဆောင်တစ်ခုအတွက် ကျင်းပခြင်းပါပဲ" ဟု ပြောခဲ့သည်။

အမေရိကန်ဆိုင်ရာ ဂျပန်သံအမတ်ကြီး ခန်နီခီရိုဆန်ဆေးက ယင်းပွဲတော်သည် နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းသထက်ကောင်းအောင် ရောင်ပြန်ဟပ်စေသည်ဟု ပြောခဲ့သည်။

အခမ်းအနားသို့ နှစ်နိုင်ငံလုံးမှ အနုပညာရှင်များ တက်ရောက်ပြီး ဖျော်ဖြေမှုများ တင်ဆက်ခဲ့သည်။ ပွဲတော်ကာလသည် ဧပြီလအလယ်ပိုင်းအထိဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# ရုရှားအကူဖြင့် ပါမိုင်ရာမြို့တွင် ဆီးရီးယားတပ်များအောင်ပွဲခံ

**ဘေရွတ် မတ် ၂၇**

ရုရှားတို့၏လေကြောင်းပစ်ကူနှင့်အတူ ဆီးရီးယားအစိုးရတပ်များ စနေနေ့က ပါမိုင်ရာမြို့၌ အောင်ပွဲခံခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွများအား အဓိကထိုးစစ်ဆင်ကာ ဒေသအချို့ ထိန်းချုပ်နိုင်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် မီဒီယာက ရေးသားသည်။



တင့်ကားများနှင့် သံချပ်ကာယာဉ်များက မြို့ပြင်မှပစ်ခတ်မှုများပြုလုပ်နေသကဲ့သို့ ပါမိုင်ရာမြို့အတွင်း အဆောက်အအုံများမှ မီးခိုးမီးတောက်များ ထွက်ပေါ်လျက်ရှိသည်ကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

ဆီးရီးယားစစ်တပ်နှင့် မဟာမိတ် တိုက်ခိုက်ရေးသမားများသည် ပါမိုင်ရာမြို့ကို သုံးပတ်ကြာ အဓိကထိုးစစ်ဆင် တိုက်ပွဲကြီး ဆင်နွှဲခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

ဆီးရီးယားအစိုးရတပ်များသည် ပါမိုင်ရာမြို့ကို သုံးပုံတစ်ပုံထိန်းချုပ်ထားကြောင်း၊ အဓိကအားဖြင့် အနောက်ပိုင်းနှင့် မြောက်ပိုင်းတွင်ဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေး ညွှန်ကြားရေးမှူး ရာမီအဗ္ဗဒူရာမန်က ပြောသည်။ ယင်းမြို့ကို ၂၀၁၅ ခုနှစ် မေလ က အိုင်အက်စ်စစ်သွေးကြွအုပ်စုက သိမ်းပိုက်ထားခြင်းဖြစ်သည်။ **(ရိုက်တာ)**

# ဝါရှင်တန်ထိပ်သီးအစည်းအဝေး၌ အိုင်အက်စ်နှိမ်နင်းရေးကဏ္ဍ ဆွေးနွေးမည်

**ဝါရှင်တန် မတ် ၂၇**

ဘရပ်ဆဲလ်၌ ဆိုးရွားသော အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးနောက် ကမ္ဘာ့ခေါင်းဆောင်များသည် နျူကလီးယား လုံခြုံရေးအစည်းအဝေးကျင်းပစဉ်အတွင်း လာမည့်သီတင်းပတ်တွင် အထူးကဏ္ဍတစ်ရပ်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘာတစ်ဝန်း မြို့ပြဧရိယာအတော်များများကို အိုင်အက်စ်ကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများက ခြိမ်းခြောက်မှုများပြုလုပ်လျက်ရှိပြီး အဆိုပါထိပါးကျူးလွန်မှုများအပေါ် အဖြေရှာသွားရမည်ဖြစ်ကြောင်း ဆွေးနွေးမည်ဖြစ်သည်။

နျူကလီးယားလုံခြုံရေး အဓိကဆွေးနွေးမည့် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကမ္ဘာ့ခေါင်းဆောင်များသည် လာမည့်သီတင်းပတ်ထဲတွင် ဝါရှင်တန်သို့ရောက်ရှိကြမည်ဖြစ်သည်။

"အိုင်အက်စ်အဖွဲ့ကို ဆန့်ကျင်ဖို့ ကျွန်တော်တို့ရဲ့ ပေါင်းစည်းအားထုတ်မှုကို ပြန်လည်ဆန်းစစ်ရမယ့် အခွင့်အရေးတစ်ရပ်ပဲ။ လူသားတွေကို ကာကွယ်ဖို့ တစ်ကမ္ဘာလုံးစုစုစည်းစည်းရှိကြတယ်ဆိုတာကို ပြရမယ်"ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အပတ်စဉ် ရေဒီယိုမိန့်ခွန်းနှင့် အင်တာနက်ဝက်ဆိုက်မှ တစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ယနေ့ ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၊ နာဝပ်ရှရစ်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်များသည် လေးကြိမ်မြောက်ကျင်းပသော အဆိုပါ အစည်းအဝေးသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက်တို့တွင် ကျင်းပမည့် နှစ်ရက်တာ ထိပ်သီးအစည်းအဝေး၌ နိုင်ငံပေါင်း ၅၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

ဆွေးနွေးချက်များ၌ ခြိမ်းခြောက်မှု အရှိန်မြင့်မားလာသည့် ယူရေနီယံ အဆင့်မြင့် အသုံးပြုမှုများကို လျှော့ချရေး၊ ဆက်စပ်ပစ္စည်းများ လုံခြုံရေး၊ နျူကလီးယားအကြမ်းဖက်ကြိုးပမ်းမှုမဖြစ်ပွားစေရန် နျူကလီးယား မှောင်ခိုမှုများကို စုံစမ်းဖော်ထုတ်ရေးတို့ပါဝင်ကြောင်း ယမန်နေ့က အိမ်ဖြူတော်ထုတ်ပြန်ချက်အရ သိရသည်။ **(ပီတီအိုင်)**

# စစ်ပွဲဖြစ်ပွားရာဒေသများကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ဂျာမနီ၌ ကျင်းပ

**ဘာလင် မတ် ၂၇**

ဂျာမနီ၏မြို့တော်ဘာလင်ရှိလမ်းမများတွင် ဆန္ဒပြသူများက စစ်ပွဲနှင့် လက်နက်တင်ပို့မှုများကို ဆန့်ကျင်သည့်အနေဖြင့် စနေနေ့က ဆန္ဒပြခဲ့ကြသည်။ အဆိုပါဆန္ဒပြပွဲသည် နှစ်စဉ်ဂျာမနီ၌ ကျင်းပလေ့ရှိသော ရိုးရာအီစတာပွဲတော်ချီတက်ခြင်းအထိမ်းအမှတ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပြည်သူများသည် အီစတာပွဲတော်အားလပ်ရက်များအတွင်း ငြိမ်းချမ်းရေးအတွက် ဆန္ဒပြပွဲများကို လမ်းများပေါ်တွင်ပြုလုပ်ခဲ့သည်။

ယခုနှစ်အီစတာပွဲတော်ချီတက်မှုသည် စစ်ပွဲများဖြစ်ပွားနေသော ပဋိပက္ခ များရှိရာဒေသများနှင့် ဒုက္ခသည်ပြဿနာများ ကြုံတွေ့နေရသော နိုင်ငံတစ်ဝန်း ရှိ နေရာဒေသပေါင်း ၈၀ တို့တွင် လက်နက်တင်ပို့မှုများ၊ နျူကလီးယားလက်နက်များနှင့် အခြားမုန်းတီးရေးကိစ္စရပ်များ စသည်တို့ကို ချီတက်ဆန္ဒပြခြင်းဖြစ်သည်။ ဘာလင်အရှေ့တောင်ဘက်ရှိ နယူကိုလင်းတွင် စစ်ပွဲသည်အကြမ်းဖက်မှုဖြစ်သည်ဟူသော ဆောင်ပုဒ်ဖြင့် စနေနေ့က ပြည်သူ၂၀၀၀ခန့်ပါဝင်သော လူထုစည်းဝေးပွဲကျင်းပခဲ့ကြောင်း ၎င်းအဖွဲ့အစည်းက ပြောခဲ့သည်။ ၎င်းဆန္ဒပြသူများသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ စစ်ပွဲများ ရပ်တန့်ရန်တောင်းဆိုခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများ၊ ရွှေ့ပြောင်းဒုက္ခသည်များအရေး ဖြေရှင်းရေးကဲ့သို့သောကိစ္စရပ်များနှင့် ဆီးရီးယားပဋိပက္ခကို နိုင်ငံရေးဆိုင်ရာဖြေရှင်းမှုများအတွက် ထောက်ခံကြောင်းဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(ဆင်ဟွာ)**

— — — — — —

# လူနာတင် ရဟတ်ယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

**နယူးယောက် မတ် ၂၇**

စနေနေ့ကဖြစ်ပွားသော ယာဉ်မတော်တဆမှုမှ လူနာတစ်ဦးအပါအဝင် ကျန်းမာရေး ဆေးကုသပေးရန် လူလေးဦးလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်းသည် အလာဘားမား၌ ပျက်ကျခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

အဆိုပါ ယာဉ်သည် အလာဘားမားရှိ သစ်တောတစ်ခုအတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့ကပြောသည်။ ရဟတ် ယာဉ်ပေါ်ပါရှိသူ ဆေးလုပ်သားတစ်ဦး၊ သူနာပြုတစ်ဦး၊ လေယာဉ်မှူးနှင့် လူနာတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း မီဒီယာဖော်ပြချက်များအရ သိရသည်။

ဖလော်ရီဒါပိုင်နက်နယ်မြေနှင့် ထိစပ်နေသော နယ်စပ်မှ ၂၅ မိုင်ခန့်အကွာတွင် ဖြစ်ပွားခဲ့သော အဆိုပါ ယာဉ်ပျက်ကျမှုကို အမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံရေးအဖွဲ့တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(ရိုက်တာ)**

# ပါကစ္စတန် လာဟိုးမြို့ ပန်းခြံအပြင်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွား

**လာဟိုး မတ် ၂၇**

ပါကစ္စတန်အရှေ့ပိုင်းမြို့တော် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်၏နိုင်ငံရေးအရ အချက်အချာကျသော ပန်ဂျပ်ပြည်နယ် လာဟိုးမြို့ရှိ ပန်းခြံအပြင်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရခဲ့ကြောင်း ကယ်ဆယ်ရေးဌာနဆိုင်ရာများကပြောသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ် အတိအကျကို မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ကယ်ဆယ်ရေးတာဝန်ခံ ပြောခွင့်ရသူက ဂူလ်ရှန် အိုက်ဘယ် ပန်းခြံအပြင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း၊ ဒဏ်ရာရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း သိရသည်။ နျူကလီးယားလက်နက်ပိုင်ဆိုင်ထားပြီး လူဦးရေ သန်း ၁၉၀ခန့်ရှိသော ပါကစ္စတန်နိုင်ငံသည် တာလီဘန်သူပုန်များ၊ ရာဇဝတ်မှုကျူးလွန်သော သေနတ်သမားများနှင့် အကြမ်းဖက်မှုများဖြင့် ပြည့်နှက်နေသော နေရာတစ်ခုဖြစ်ရာ ပန်ဂျပ်ပြည်နယ်သည် အဆိုပါ အမှုများ အဖြစ်ပွားဆုံးပြည်နယ် ဖြစ်သည်။

**(ရိုက်တာ)**

# တပ်မတော်အား လက်ရှိအခြေအနေအထိ တာဝန်ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်အကြီးအကဲဟောင်းများ၏ ဦးစီးဦးဆောင်ပြသခဲ့မှုများကြောင့်ဖြစ်

**နေပြည်တော် မတ် ၂၇**

(၇၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုသည့်အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

အဆိုပါ ဂါရဝပြုသည့်အခမ်းအနားသို့ တပ်မတော်အငြိမ်းစား အရာရှိကြီး ၃၉ ဦးနှင့် ဇနီး ၁၄ ဦးတို့ ကန်တော့ခံတက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြု ကန်တော့ရခြင်းနှင့်ပတ်သက်၍ ယခုအခမ်းအနားသည် တပ်မတော်အကြီးအကဲဟောင်းများကို လက်ရှိတာဝန်ထမ်းဆောင်နေသည့် တပ်မတော်ခေါင်းဆောင်များက ဂါရဝပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့တပ်မတော်အား လက်ရှိအခြေအနေရောက်သည်အထိ တာဝန်ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်အကြီးအကဲဟောင်းများ၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအဖြစ် ရှေ့မှဦးစီးဦးဆောင်ပြုပြီး ပြသခဲ့မှုများကြောင့်ဖြစ်၍ ကျေးဇူးမမေ့ပါကြောင်း၊ တပ်မတော်၏အမိအဖများပင်ဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြုစုစောင့်ရှောက်ခွင့်ရသည်ဟု ခံယူပါကြောင်း၊ တစ်ရက်စစ်သားဖြစ်ပါက ထာဝရစစ်သားဖြစ်သည်ဆိုသည့် စကားအတိုင်း တပ်မတော်ကို မိမိတို့၏ ကျေးဇူးရှင်အဖြစ် တစ်သက်လုံးခံယူသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် နေ့စဉ် ရွတ်ဆိုနေသည့်သစ္စာလေးချက်ကို မပျက်မယွင်းအောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အငြိမ်းစား အရာရှိကြီးများကို တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တက်ရောက်လာကြသူများက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်အငြိမ်းစား အရာရှိကြီးများအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် တပ်မတော်အငြိမ်းစား အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ် သူရစောဖြူ၊ ဗိုလ်မှူးချုပ် တင့်ဆွေ၊ ဗိုလ်မှူးချုပ် လှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်တို့က တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများအတွက် ဆုံးမဩဝါဒနှင့် ဆုမွန်ကောင်းစကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် စစ်မှုထမ်းဟောင်းများအတွက် စစ်မှုထမ်းဟောင်းအိမ်ရာများနှင့်ဘိုးဘွားရိပ်သာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်အငြိမ်းစားအရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ရိုသေစွာ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**



အခမ်းအနားအပြီးတွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်၍ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ထို့အတူ နံနက်ပိုင်းကလည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့သည် ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုလျက်ရှိသော တပ်မတော်အငြိမ်းစား အရာရှိကြီးများထံ သွားရောက်၍ တစ်ဦးချင်းစီ လိုက်လံတွေ့ဆုံပြီး ခင်မင်ရင်းနှီးစွာဖြင့် ဂါရဝပြုနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

# (၇၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်

**နေပြည်တော် မတ် ၂၇**

(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တပ်စစ်ရေးပြကွင်း၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့် တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။



**ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က စံပြတပ်ခွဲ ပထမဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု တပ်ခွဲအား ဆုချီးမြှင့်စဉ်။**

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်အား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် (၇၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် မောင်မောင်အေးက စစ်ရေးပြဂုဏ်ပြုဆုရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု အထူးတပ်ဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ အလံကိုင်အဖွဲ့ ဂုဏ်ပြုဆုရရှိသော တပ်မတော်(ကြည်း) (အမျိုးသမီး)အလံကိုင်အဖွဲ့၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့ ဂုဏ်ပြုဆုရရှိသော ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆုရရှိသော အောင်ဇေယျစစ်ကြောင်း ကိုယ်စားပြုအလံကိုင်အဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသော ဆင်ဖြူရှင်စစ်ကြောင်းကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အကောင်းဆုံးစခန်း တတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က အကောင်းဆုံးစခန်း ပထမဆုရရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံးပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စံပြတပ်ခွဲ တတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲနှင့် စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မြဝတီ)**





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ချီတက်အလေးပြုကြစဉ်။** (သတင်းစဉ်)

☆ ***ရှေ့ဖုံးမှ***

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ကြောင်းကြီးများအလိုက် သစ်တပ် စစ်ရေးပြကွင်း၌ နံနက် ၅ နာရီတွင် စတင်၍ ရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြ စစ်ကြောင်းကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီးဆီသို့ မရောက်ရှိမီ ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူသည်။

ထို့နောက် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားတပ်ဖွဲ့များ ကိုယ်စားပြု အောင်ဆန်းစစ်ကြောင်းသည် စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးသန့် ဦးဆောင်၍ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယာဉ်များ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယာဉ်များ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြုယာဉ်များ၊ ယာဉ်တင်ယာဉ် စစ်ရေးပြတပ်ခွဲ(၁)၊ ယာဉ်တင်ယာဉ် စစ်ရေးပြတပ်ခွဲ(၂) နှင့် ယာဉ်တင်ယာဉ် စစ်ရေးပြတပ်ခွဲ (၃)တို့သည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်ကြသည်။

ဆက်လက်၍ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး ဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ကျော်ဇေယျဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အေးမင်းထွေး ဦးဆောင်သော ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ခိုင်ဝင်း ဦးဆောင်သော ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးရန်ပိုင် ဦးဆောင်သော အောင်ဇေယျစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီး စောကြည်နိုင်ဦးဆောင်သော ဆင်ဖြူရှင်စစ်ကြောင်းတို့သည် စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ နေပြည်တော်စစ်ရေးပြကွင်းကြီးဆီသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

စစ်ရေးပြစစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ ချီတက်စဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)နှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်၊ တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊ ဒေသခံမိဘပြည်သူများက စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြကြိုဆိုကြသည်။



**တပ်မတော်(ရေ) မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့ (Navy SEALs) မှ အရာရှိစစ်သည်များ ရဟတ်ယာဉ်ပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့ ဆင်းသက်ကြစဉ်။** (သတင်းစဉ်)

စစ်ရေးပြ စစ်ကြောင်းကြီးများသည် သတ်မှတ်အစီအစဉ်အတိုင်း ချီတက်စဉ် ဇာတိသွေး၊ ဇာတိမာန် အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

အဆိုပါ (၇၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ စွမ်းရည် ဘွဲ့တံဆိပ်ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအသင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့်နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ရောက်ရှိရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် မော်တော်ယာဉ်ဖြင့် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။ ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ)တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာ ရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မိမိတို့တပ်မတော်နှင့် ပြည်သူ

# တပ်မတော်အနေဖြင့် နိုင်ငံတော်ကို လုံခြုံအောင်ကာကွယ်ရမည်၊ ပြည်သူကို စောင့်ရှောက်ရမည်၊ နိုင်ငံတော်အစိုးရ၏ တိုင်းပြည်တည်ငြိမ်ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ကူညီရမည်

လူထုလက်တွဲပြီး ဖက်ဆစ်များကို အမိမြေမှ အပြီးအပိုင်တွန်းလှန်တိုက်ထုတ်ခဲ့သော (၇၁)နှစ်တိုင်ပြီဖြစ်သည့် တပ်မတော်နေ့အခါသမယဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်နှင့် ပြည်သူတစ်သားတည်း စည်းလုံးညီညွတ်မှုဆိုသည့် ခွန်အားကို အရင်းတည်ပြီး ဇာတိသွေး ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ကမ္ဘာသိအောင် ပြသခဲ့သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် ထူးခြားမွန်မြတ်သည့် ယခုလို နေ့ထူးနေ့မြတ်တွင် သိသင့်သိထိုက်သည်များကို အလေးအနက်မှာကြားသွားမည်ဖြစ်ကြောင်း။

မြန်မာ့ သမိုင်းကြောင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းသည် အမြဲဒွန်တွဲလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ တပ်မတော်ဖြစ်တည်လာမှုများတွင် နိုင်ငံတော်စတင်တည်ထောင်စဉ်က တစ်ပါတည်းဖွဲ့စည်းတည်ထောင်ခဲ့သည့်တပ်မတော်၊ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့်တပ်မတော်နှင့် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ဖွဲ့စည်းတည်ထောင်သည့် တပ်မတော်ဟူ၍ သုံးမျိုးတွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည့်အတွက် သန္ဓေတည်မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်များ နိုးကြားထက်သန်မှုရှိသည့် တပ်မတော်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားပြီး အနောက်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်သည့် ခေတ်မီတပ်မတော်မရှိခဲ့သည့်အတွက် ၁၈၂၄ ခုနှစ်မှ စတင်ပြီး နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို ခံခဲ့ရကြောင်း၊ မိမိတို့နိုင်ငံကို အတုအယောင်လွတ်လပ်ရေးပေးပြီး ကျွန်ပြုဖိနှိပ်ခဲ့သည့် ဖက်ဆစ်တို့ကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် ယခုလိုနေ့မျိုးတွင် တပ်မတော်နှင့် ပြည်သူလူထုပူးပေါင်း၍ တစ်ခဲနက် အုံကြွတော်လှန်ခဲ့ရာမှ တော်လှန်ရေးနေ့ကြီးပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတပ်မတော်များ နည်းတူ (ကြည်း၊ ရေ၊ လေ)တပ်မတော်တစ်ရပ်လုံးနှင့်သက်ဆိုင်သည့် တပ်မတော်နေ့ သတ်မှတ်ရန် လိုအပ်လာသည့်အတွက် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် အထူးခြားဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်သည့် တော်လှန်ရေးနေ့ကို အထူးဝိသေသပြုသည့်အနေဖြင့် ၁၉၅၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပခဲ့သည့် စစ်ရေးပြအခမ်းအနားမှ စတင်၍ တပ်မတော်နေ့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး သုံးလမတိုင်မီ အာဏာရ ဖဆပလ အစိုးရနှင့် ကွန်မြူနစ်ပါတီတို့ မသင့်မမြတ်ဖြစ်ရာမှ ကွန်မြူနစ်များတောခိုပြီး ပြည်တွင်းဆူပူသောင်းကျန်းမှုများ စတင်ခဲ့ပါကြောင်း။

လွတ်လပ်ရေးရပြီး ၁၀ နှစ်အတွင်း ထူးခြားမှုအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုများအပြင် နယ်စပ်ဒေသမှ တရုတ်ဖြူကူမင်တန်တို့၏

# မိမိတို့နိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရာတွင် အဓိကနှောင့်ယှက်ဟန့်တားမှုနှစ်ခုမှာ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေကို လေးစားလိုက်နာမှုအားနည်းခြင်းနှင့် လက်နက်ကိုင်သောင်းကျန်းမှုများရှိနေခြင်းပင်ဖြစ်၊ ၎င်းတို့သည် ပရမ်းပတာ ဒီမိုကရေစီကို ဦးတည်သွားစေနိုင်

***စာမျက်နှာ ၇ သို့***

စာမျက်နှာ ၆ မှ

ပြည်ပကျူးကျော်မှုကို ရင်ဆိုင်ခဲ့ရပြီး အောင်မြင်စွာ တွန်းလှန်ဖယ်ရှားနိုင်ခဲ့ပါကြောင်း၊ ထိုသို့ ပြည်တွင်းသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုများကို အခက်အခဲအကျပ်အတည်းမျိုးစုံကြားမှ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သည့်အတွက် မိမိတို့တပ်မတော်၏ စွမ်းဆောင်ချက်သည် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

၁၉၅၀ ပြည့်လွန်နှစ်များသည် မုန်တိုင်းထန်သည့် ကာလများဖြစ်ခဲ့ပြီး အချုပ်အခြာအာဏာတည်တံ့ရေးနှင့် ပြည်ပကျူးကျော်မှု အန္တရာယ်ကာကွယ်ရေးတို့အတွက် တပ်မတော်မှသာ ပင်မမဏ္ဍိုင်ဖြစ်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများသည် အမျိုးသားရေးကို မျက်ကွယ်ပြုခဲ့ပြီး ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ မာန်မာနအစွဲများကိုသာ ရှေ့တန်းတင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

၁၉၈၀ ပြည့်နှစ်လွန်ကာလများအထိ နိုင်ငံရေးအင်အားစုများသည် မည်သို့မျှ စည်းလုံးညီညွတ်မှုမရှိဘဲ အုပ်စုဖွဲ့မှုများ၊ လက်နက်ကိုင်လမ်းစဉ်ကို ဦးတည်မှုများ၊ အာဏာရပါတီတွင်း သဘောထားကွဲပြားမှုများနှင့် စီမံခန့်ခွဲရေး လွဲချော်မှုများကြောင့် အုပ်ချုပ်ရေး ပြဿနာကြီးထွားလာမှုနှင့်အတူ စီးပွားရေးကျဆင်းမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင် ပြဿနာများကို အပြည့်အဝဖြေရှင်းနိုင်ခြင်း မရှိခဲ့သည့်အတွက် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါကြောင်း။

၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလများတွင် မိမိတို့နိုင်ငံနည်းတူ ဥရောပနှင့် အာဖရိကနိုင်ငံအချို့၌ တစ်ပါတီစနစ်၊ ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်များမှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း၊ အများစုမှာ ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ လူမျိုးရေးမုန်းတီးမှုများဖြစ်ပွားခြင်း၊ နိုင်ငံပြိုကွဲကာ နိုင်ငံငယ်အများအပြား ပေါ်ပေါက်လာခဲ့ခြင်း၊ စီးပွားရေး ဆုတ်ယုတ်ကျဆင်းခြင်းများနှင့် ကြုံတွေ့ခဲ့ကြရကြောင်း။

မိမိတို့ နိုင်ငံတွင်လည်း တပ်မတော်အစိုးရတာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်မှစ၍ ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်၍ စနစ်တကျ တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရာတွင် အဓိကနှောင့်ယှက်ဟန့်တားမှုနှစ်ခုမှာ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေကို လေးစားလိုက်နာမှုအားနည်းခြင်းနှင့် လက်နက်ကိုင်သောင်းကျန်းမှုများရှိနေခြင်းပင်ဖြစ်ကြောင်း၊ ၎င်းတို့သည် ပရမ်းပတာဒီမိုကရေစီကို ဦးတည်သွားစေနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါအချက်နှစ်ချက်ကို ပြုပြင်ကျော်လွှားနိုင်မှသာ ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်စွာ ဖော်ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အလေးအနက် ပြောကြားလိုကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် ယခုကဲ့သို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှတစ်ဆင့် ဒီမိုကရေစီစနစ် ရှင်သန်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပါတီစုံဒီမိုကရေစီ နိုင်ငံတော် ဖော်ဆောင်သည့်နေရာတွင် ဒွိတာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေလိုပါက ထိုက်တန်သည့်စည်းကမ်းရှိမှုနှင့် ဥပဒေလေးစားလိုက်နာမှုရှိရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို ချစ်မြတ်နိုးပြီး ဖွံ့ဖြိုးတိုးတက်စေလိုလျှင် စည်းလုံးညီညွတ်စွာဖြင့် ကာယ၊ ဉာဏစွမ်းအားရှိသမျှ အလုပ်လုပ်ကြရမည်ဖြစ်ပြီး တိုင်းပြည်အပေါ် သစ္စာရှိကြရမည်ဖြစ်ကြောင်း။

တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်အကောင်အထည်ဖော်ရန်အတွက်သာ ဖြစ်ကြောင်း၊ အမျိုးသားနိုင်ငံရေးဆိုသည်မှာ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားပြည်သူလူထုအရေးနှင့် နိုင်ငံအရေးပင်ဖြစ်ကြောင်း၊ ပါတီနိုင်ငံရေးမဟုတ်ကြောင်းနှင့် ပြည်သူအများစု၏ ဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ရေးနှင့် ၎င်းတို့ဘဝ တိုးတက်ရေးဟူသည့် ကိုယ်စိတ်နှစ်ပါးချမ်းသာရေးပင်ဖြစ်ကြောင်း။



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။(သတင်းစဉ်)

# အခြေခံဥပဒေအရ အပ်နှင်းထားသည့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်များကို လေ့လာကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန်အတွက်သာဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်မည်ဖြစ်

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို လုံခြုံအောင်ကာကွယ်ရမည်၊ ပြည်သူကို စောင့်ရှောက်ရမည်၊ နိုင်ငံတော်အစိုးရ၏ တိုင်းပြည်တည်ငြိမ်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ကူညီရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူများချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ တည်ငြိမ်ရန် ပြည်သူ၏ဆန္ဒအတိုင်း တိုင်းပြည်ကို လက်ရှိအခြေအနေ အခြေခံကောင်းများ ရရှိရန် လုပ်ဆောင်ခဲ့ကြသူများဖြစ်သည့်အတွက် ယခုကဲ့သို့ အခြေအနေမျိုးမှ ယိမ်းယိုင်သွားစေမည့်ကိစ္စရပ်များ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်ဆိုင်မှုများကို ထိပါးစေမည့် ကိစ္စရပ်များနှင့် ပြည်ထောင်စုပြိုကွဲမှုကို ဦးတည်လာမည့်အခြေအနေများကို တပ်မတော်အနေဖြင့် ရောက်ရှိခံမည်မဟုတ်ကြောင်း။

အခြေခံဥပဒေအရ အပ်နှင်းထားသည့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်များကို လေ့လာကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန်အတွက်သာဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့် အလျောက် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒ (၆)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ် ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။ (သတင်းစဉ်)

ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုသည့် ဆန္ဒရှိရန်လိုအပ်ပြီး စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ငြိမ်းချမ်းသောနိုင်ငံရေးလမ်းကြောင်းဖြင့် လျှောက်လှမ်းသွားလိုသည့် စိတ်ဓာတ်ရှိလျှင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးသည် အေးချမ်းတည်ငြိမ်မှုကို လိုလားသော်လည်း ပြောင်းလဲတိုးတက်နေသည့် ခေတ်ကာလတွင် နယ်ပယ်အသီးသီး၏ စိန်ခေါ်မှုများသည် စဉ်ဆက်မပြတ်ရှိနေမည်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ခိုင်မြဲစွာ လက်တွဲထားရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၏ စစ်ရေးစွမ်းရည်တိုးမြှင့်တည်ဆောက်မှု၊ လူဦးရေပေါက်ကွဲမှု၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှင့် ဖြေရှင်းရန်ကျန်နေသေးသည့် နယ်နိမိတ်ပြဿနာများသည် နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကအချက်များဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ လူဦးရေများပြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများအကြားတွင် မဟာဗျူဟာကျသည့်တည်နေရာကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ရရှိလာနိုင်မည့် အခွင့်အလမ်းများကို

စာမျက်နှာ ၁၀ ကော်လံ ၁ သို့




(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

# (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား မြင်ကွင်းပုံရိပ်များ



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော် စစ်ကြောင်းကြီးများ ချီတက်လာစဉ်။ (သတင်းစဉ်)




(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်သည့် လေကြောင်းချီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ပါဝင်ချီတက်စဉ်။ (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် ယန္တရားတပ်ဖွဲ့စစ်ကြောင်း ပါဝင်ချီတက်စဉ်နှင့် တပ်မတော်(လေ)လေယာဉ်များ သရုပ်ပြပျံသန်းပြသစဉ်။ (အပေါ်ပုံ)နှင့် (အောက်ပုံ) (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် ယန္တရားစစ်ကြောင်း ချီတက်စဉ်။ (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ပါဝင်ချီတက်စဉ်။ (သတင်းစဉ်)



# (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား မြင်ကွင်းပုံရိပ်များ



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော်စစ်ကြောင်းကြီးများကို တွေ့ရစဉ်။ (သတင်းစဉ်)





(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော်(ကြည်း) စစ်သည်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ပါဝင်ချီတက်စဉ်။(ဝဲပုံ)နှင့် တပ်မတော်(လေ)မှ လေယာဉ်များ သရုပ်ပြပျံသန်းမှုကို တွေ့ရစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော် (ရေ) စစ်သည်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ချီတက်အလေးပြုစဉ်။ (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ ပါဝင်ချီတက်စဉ်။ (သတင်းစဉ်)



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် တပ်မတော်(လေ) စစ်သည်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲချီတက်အလေးပြုစဉ်(အပေါ်ပုံ)နှင့် တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ(ယာပုံ) ချီတက်စဉ်။ (သတင်းစဉ်)



စာမျက်နှာ ၇ မှ

အကျိုးရှိရှိ အသုံးချသွားရမည်ဖြစ်သကဲ့သို့ ဖြစ်ပေါ်လာနိုင်သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကိုလည်း တိုင်းရင်းသားအားလုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အတူတကွရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း။ ကာကွယ်ရေး ဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍မရဘဲ အချိန်ယူပြီး ခိုင်မာအောင် လေ့ကျင့်တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းအား မြင့်မားရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားထက်မြက်ရန်၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ခြင်း၊ ဖွဲ့စည်းခြင်းနှင့် စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းများ မရှိမဖြစ် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးကို ကိုယ်စားပြုသည့်တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာတွင် အမျိုးသားအကျိုးစီးပွားအမြင်၊ နိုင်ငံရေးအမြင်၊ အမျိုးသားရေးအသိနှင့် ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် မိမိတို့တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အတွက် အခြားသော အဖွဲ့အစည်းများထက် ပိုမိုကျစ်လျစ်ခိုင်မာ၍ စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှသာ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာ ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယန္တရားတပ်ဖွဲ့များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ ကြိုးကြာအုပ်ဖွဲ့ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်လေးစင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများကို အသီးသီးချိတ်ဆွဲ၍ အစဉ်လိုက် ပျံသန်းကြပြီး တပ်မတော်(ရေ)မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့ (Navy SEALs)မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ်လေးစင်းပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့ အသီးသီးဆင်းသက်ကြသည်။

ထို့နောက် တပ်မတော်(လေ)မှ စွန်ရဲအုပ်ဖွဲ့ တိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်းနှင့် အပေါ့စား သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်သုံးစင်းတို့က Vic ပုံစံဖြင့် လည်းကောင်း၊ အာကာအုပ်ဖွဲ့ သယ်ယူပို့ဆောင်ရေးလေယာဉ်သုံးစင်းကVic ပုံစံဖြင့် လည်းကောင်း၊ ရန်နိုင်အုပ်ဖွဲ့ အမောင်းသင်လေယာဉ် ငါးစင်းက Arrow Head ပုံစံဖြင့် လည်းကောင်း၊ ယင်းနောက် အုပ်ဖွဲ့ခွဲ လေယာဉ်မှ အလေးပြုခံစင်မြင့်၏ ရှေ့တူရူ အရပ်မျက်နှာမှ တစ်ပြိုင်တည်း ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ ရုတ်တရက်ခွဲထွက်၍ လည်းကောင်း၊ ရန်အောင်အုပ်ဖွဲ့ ပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းတို့က Vic ပုံစံဖြင့် လည်းကောင်း၊ ရန်ရှင်းအုပ်ဖွဲ့ အကြီးစား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းနှင့် တိုက်ခိုက်ရေးဂျက်လေယာဉ်လေးစင်းတို့က ရောင်စုံမီးခိုးများ ထုတ်လွှတ်လျက် Arrow Head ပုံစံဖြင့်လည်းကောင်း၊ သီဟအုပ်ဖွဲ့ ဗုံးကြဲဂျက် လေယာဉ်ငါးစင်းက Arrow Head ပုံစံဖြင့် လည်းကောင်း၊ သူရိန်အုပ်ဖွဲ့ ကြားဖြတ်တိုက်ခိုက်ရေး လေယာဉ်ငါးစင်းက Arrow Head ပုံစံဖြင့်ပျံသန်းပြီး အတွင်းဘက်သုံးစင်းက တစ်ပြိုင်နက် ဘေးလိုမ့်ကျွမ်းထိုးပျံသန်း၍ လည်းကောင်း၊ ရာဇာအုပ်ဖွဲ့ တိုက်ခိုက်ရေးဂျက်လေယာဉ်ငါးစင်းက Arrow Head ပုံစံဖြင့် ကွေ့ပတ်ပျံသန်းပြီး ရှေ့တူရူအရပ်မျက်နှာမှ ယပ်တောင်သဏ္ဌာန်ခွဲထွက်ကာ မီးကျည်များပစ်လွှတ်၍ လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာပြီး ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# တပ်မတော်နေ့ဂုဏ်ပြု လမ်းဖွင့်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကျင်းပ

**ဇီးကုန်း**

(၇၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်သော အရှည်ခြောက်မိုင် လေးဖာလုံရှိ ဇီးကုန်း-သပြေစိန်-သက်ကယ်ချင်းကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်သော လမ်းမကြီးကို Best Asia မြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး မြို့နှင့် အရှေ့ဘက်ရှိ ကျေးရွာအုပ်စုလေးအုပ်စု၊ ရွာပေါင်း ၂၈ ရွာတို့နှင့် ကူးလူးဆက်သွယ်နိုင်ပြီဖြစ်သည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း မူလ၊ မွမ်းမံ၊ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေများဖြင့် မြေနီလမ်းတစ်လမ်း၊ ကျောက်ချောလမ်းနှစ်လမ်း၊ ကတ္တရာလမ်းနှစ်လမ်း၊ အုတ်ခုံသစ်သားတံတား ခြောက်စင်း၊ ရေပြွန်တစ်ခု၊ Box Calvert နှစ်ခု၊ မြေသားရေကန်နှစ်ကန်၊ လေးလက်မ စက်ရေတွင်းငါးတွင်း၊ ရေလှောင်ကန်တစ်ကန်၊ ကျေးရွာလျှပ်စစ်မီးလင်းရေး ရွာခြောက်ရွာကို ၁၁ ကေဗွီလိုင်းသွယ်တန်းရန် လိုအပ်ငွေ ၇၉ ဒသမ ၂ သန်းနှင့် ရွာပေါင်းခုနစ်ရွာကို ဆိုလာနှင့် ဆက်စပ်ပစ္စည်း ၃၀၉ စုံ၊ ပရဟိတကျောင်းထမင်းစားဆောင်နှင့် အိပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

**ကျောက်ထု**

(၇၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်နံရံကပ်စာစောင်ပြပွဲကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်ဆောမြို့နယ် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မတ် ၂၅ ရက်မှ စတင်ပြသထားသည်။ အဆိုပါပြပွဲတွင် တပ်မတော်နေ့ဆိုင်ရာ သတင်းဆောင်းပါးများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများကို ဝေဆာစွာပြသထားပြီး ညပိုင်းတွင် ရောင်စုံမီးများ ထွန်းညှိထားသည်။

(၁၀၁)

**လေးမျက်နှာ**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ ဖြိုးဝေလှိုင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လှော်ကထားကျေးရွာအုပ်စုနှင့် မိုးကုတ်ကျေးရွာအုပ်စုအတွင်းရှိ တောင်ပိုင်း-စိန်တောင်ရွာအဝင်လမ်း တစ်မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က ကျင်းပခဲ့ရာ အဆိုပါဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦး၊ ဖြိုးဝေလှိုင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းနှင့် လှော်ကထားကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# မော်လမြိုင်တိုးချဲ့ကမ်းနားလမ်းသစ် ဖွင့်လှစ်

**မော်လမြိုင် မတ် ၂၇**

၂၀၁၄ ခုနှစ်မှ စတင်ကာ မွန်ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မော်လမြိုင် တိုးချဲ့ကမ်းနားလမ်း အဆင့်(၆) စီမံကိန်းကို စုန်ရေဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ စတင်၍ လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးကာလ လေးလကျော်အတွင်း လုပ်ငန်းများအပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၁၆ ခုနှစ် မတ် ၂၇ ရက်တွင် အဆိုပါ တိုးချဲ့ကမ်းနားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

တိုးချဲ့ကမ်းနားလမ်းမှာ ညောင်လေးပင်ချောင်းဝမှ ကျောက်မီးသွေးရုံလမ်းအထိ ပေ ၄၆၅၀ ရှည်လျားပြီး လမ်းအကျယ် ပေ ၄၀နှင့် လူသွားလမ်း ပလက်ဖောင်းအပါအဝင် လမ်းနယ်အကျယ် ၅၆ ပေရှိကြောင်း စုန်ရေဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးကျော်က ပြောသည်။

ထို့အပြင် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသည့်ကုမ္ပဏီက စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည့် ရန်ပုံငွေနှင့် စီမံကိန်းအတွင်း ကုန်ကျစရိတ်အားလုံးကို ကျခံရကြောင်း စီမံကိန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးမိုးကျော်က ပြောသည်။

အဆိုပါ တိုးချဲ့ကမ်းနားလမ်းသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ စည်ပင်ဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

မိုးဝေ (မြန်/ဆက်)

# တစ်မူထူးခြားမှုဖြင့် ကျင်းပမည့် ၂၀၁၆ မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲ



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲကို ဧပြီ ၃ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မြန်မာအီးဗင်းပတ် (MEP)၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲကို အစိုးရဘက်မှ ပါဝင်ပတ်သက်ခြင်းမပြုဘဲ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဒုတိယအကြိမ်မြောက်အဖြစ် စီမံဆောင်ရွက်ခြင်းဖြစ်ကာ ၂၀၁၃ ခုနှစ်က ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်က ပထမအကြိမ်အဖြစ် ကိုင်တွယ်ဆောင်ရွက်စဉ် ထူးချွန်ဆုရွေးချယ်ပေးအပ်ခြင်းအပေါ် ရုပ်ရှင်လောကအပြင် ရုပ်ရှင်ချစ်သူ ပရိသတ်များအတွင်း ဝေဖန်ပြောဆိုမှုများ ပလူပျံအောင် ထွက်ပေါ်ခဲ့သည်။

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ပေးအပ်ရာတွင် မကျေနပ်ချက်များ ထပ်မံမဖြစ်ပေါ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြွေးကြော်ဆောင်ရွက်ခဲ့ရာ ယခုမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ၏ စာရင်းကို ချိပ်ပိတ်ကာ နာယကများထံ ပေးအပ်သည့်အဆင့်ကို ရောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအဆင့်ကိုရောက်အောင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် အကဲဖြတ်အဖွဲ့များတွင် အသိပညာရှင်၊ စက်မှုပညာရှင်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်ကဲ့သို့ ရုပ်ရှင်လောကအတွက် နစ်နာမှုပြဿနာများ မဖြစ်ပေါ်နိုင်ဟု ယူဆရသည်။

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲ၏ အဓိကစိန်ခေါ်မှုမှာ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် နှစ်နှစ်စာ အကယ်ဒမီထူးချွန်ဆု ရွေးချယ်ရခြင်းပင်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ၁၇ ကား၊ ၂၀၁၅ ခုနှစ်တွင် ၁၀ ကား စုစုပေါင်း ၂၇ ကားကို စိစစ်အကဲဖြတ်ကာ ထူးချွန်ဆုရွေးချယ်ခြင်းဖြစ်သည်။

အဆိုပါ ထူးချွန်ဆုရွေးချယ်ခြင်းနှင့် ပတ်သက်ပြီး ရုပ်ရှင်လောကသားအချို့က နှစ်နှစ်စာ ပေါင်းပေးမည်ဖြစ်သည့်အတွက် ပိုပြီးပျော်ဖို့ကောင်းမည်ဖြစ်ကြောင်းနှင့် ဆုရွေးချယ်ရာတွင်လည်း မှန်မှန်ကန်ကန်ပေးရန် မျှော်လင့်ကြောင်း သုံးသပ်မှုများရှိသည်။ ထို့အပြင် စိစစ်ရွေးချယ်ရေးတွင် ၂၀၁၃ ခုနှစ်ကလို မဟုတ်ဘဲ ကိုယ်တတ်ကျွမ်းရာအပိုင်းကို အကဲဖြတ်ရသည့်စနစ် ကျင့်သုံးထားကြောင်း၊ ရသည့်သူများ ရသင့်၍ရပြီး မရဘဲကျန်ခဲ့သူများလည်း ရှိမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အားလုံးဆုရသည့်သူများ မဖြစ်နိုင်ပါကြောင်း၊ မကျွမ်းကျင်၍မဟုတ်ဘဲ ကံတရားလည်းပါကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက မှတ်ချက်ပြုထားသည်။

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲကို ၂၀၁၃ ခုနှစ်ကဲ့သို့ပင် ပြင်ပပရိသတ်မပါဘဲ ကျင်းပမည်ဟုဆိုကာ အများပြည်သူကို လက်မှတ်ရောင်းချပေးမည်မဟုတ်ကြောင်း၊ ၂၀၁၃ ခုနှစ်ကလည်း လက်မှတ်များ မရောင်းခဲ့ကြောင်း၊ အနုပညာရှင်များနှင့် ပရိသတ်ဓာတ်ပုံတွဲရိုက်ခြင်း၊ လက်မှတ်ထိုးခိုင်းခြင်းများသည် ဆုပေးပွဲကို ကြန့်ကြာစေပြီး အနုပညာရှင်မိသားစုအလိုက် ပွဲတက်နိုင်ရန်အတွက် လက်မှတ်မရောင်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြောကြားသည်။

အဆိုပါပြောကြားချက်အပေါ် ရုပ်ရှင်ချစ်ပရိသတ်တစ်ဦးက ကိုယ်ချစ်သည့်အနုပညာရှင်များကို ရင်းရင်းနှီးနှီး တွေ့ခွင့်ရလိုကြကြောင်း၊ ပရိသတ်က ပွဲကိုပျက်စီးအောင် ဖျက်ကြမည်မဟုတ်ကြောင်း၊ အစိုးရတာဝန်ယူပြုလုပ်စဉ်က အမြဲတက်ရောက်အားပေးခဲ့ပြီး အနုပညာရှင်များနှင့် ထိတွေ့ခွင့်ရခဲ့ကြောင်း၊ ယခုလို လက်မှတ်မရောင်းသည့်အတွက် ရုပ်ရှင်လောကအတွက်သာ သီးသန့်ပွဲ၊ ကန့်သတ်ပွဲဖြစ်နေကြောင်း ပြောဆိုခဲ့သည်။

ယင်းအခြေအနေအရ နိုင်ငံတကာစံချိန်မီ ကော်ဇောနီကြီးပေါ်၌ ထင်ရှားကျော်ကြားသော အနုပညာရှင်များအနေဖြင့် ရုပ်ရှင်ချစ်ပရိသတ်များ အနီးအနားတွင်မရှိဘဲ လျှောက်လှမ်းကြရမည့် အနေအထားဖြစ်သည်။

ထို့အပြင် ရုပ်ရှင်အနုပညာရှင်တစ်ဦးကလည်း ပရိသတ်များနှင့် ကျင်းပရသည့်အခါ ၎င်းတို့ကလည်း အနုပညာရှင်များနှင့် အတူတူဆင်နွှဲရသည့်အတွက် ကိုယ်လည်း ကိုယ့်ပရိသတ်နှင့်အတူ ဆင်နွှဲရသည့်အတွက် ပျော်ရပါကြောင်း ပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် ၂၀၁၄-၂၀၁၅ နှစ်နှစ်စာ မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲကို မကြာမီ ကျင်းပတော့မည်ဖြစ်ရာ ရုပ်ရှင်လောကသားအားလုံး၏ လိုလားချက်ဖြစ်သည့် အမှားကင်းစွာဖြင့် ကျင်းပနိုင်စေရန် ဆန္ဒမွန်ပြုကာ မြန်မာ့ရုပ်ရှင်ချစ်သူတစ်ဦးအနေဖြင့် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ခင်မောင်သော်(ကမာရွတ်)

# ဓာတုဗေဒစစ်ဆေးရေးဌာန DNA ဌာနခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှတော်ဝင်လမ်းရှိ ဓာတုဗေဒစစ်ဆေးရေးဌာန DNA ဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန/လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို တက်ရောက်ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ မှူခင်းရဲတပ်ဖွဲ့မှူးနှင့် ဓာတုဗေဒဝန်ရုံး ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ပြီး ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ မှုခင်းရဲတပ်ဖွဲ့မှူးနှင့် ဓာတုဗေဒဝန်ရုံး ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# စတော့အိတ်ချိန်းပေါ်လာ၍ အိမ်ခြံမြေဈေးကွက် ကျဆင်းလာမည်




**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံ၌ စတော့ရှယ်ယာဈေးကွက်ကြီး ပေါ်ပေါက်လာသဖြင့် အိမ်ခြံမြေဈေးကွက် ကျဆင်းလာနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

"စတော့အိတ်ချိန်းက စဖွင့်တဲ့နေ့မှာပဲ ရှယ်ယာပေါင်း ၁၁၀၀၀၀ ကျော် ရောင်းရတယ်ဆိုတော့ အတော်လေးအားရစရာ ကောင်းပါတယ်။ အဲဒီနေ့မှာပဲ စတော့အိတ်ချိန်းအတွင်း စီးဝင်သွားတဲ့ ငွေကျပ် ၃ ဒသမ ၅ ဘီလီယံရှိပါတယ်။ ဒီလို စတော့အိတ်ချိန်းအတွင်း ပထမနေ့မှာပဲ ဘီလီယံနဲ့ချီပြီး စီးဝင်လာတယ်ဆိုတော့ နောက်ပိုင်းမှာ အိမ်ခြံမြေဈေးကွက်လည်း ကျဆင်းသွားနိုင်ပါတယ်။ စတော့အိတ်ချိန်းရဲ့ အဓိကရည်ရွယ်ချက်ကလည်း ဒီကိစ္စတွေပါဝင်ပါတယ်။ စတော့အိတ်ချိန်းက ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် ကျပ်တည်းမနေတော့ဘဲ ရင်းနှီးမြှုပ်နှံဖို့ နေရာတစ်ခုကို ဖန်တီးပေးလိုက်တာပါ" ဟု ဒေါက်တာ မောင်မောင်သိမ်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသော အခမ်းအနားတစ်ခုတွင် ပြောကြားသည်။

မြန်မာနိုင်ငံ၌ လွန်ခဲ့သော အနှစ် ၂၀ ကျော်ကတည်းက ရှယ်ယာအရောင်းအဝယ်များ ရှိခဲ့သော်လည်း တရားဝင် Regulated Market မှာ စတော့အိတ်ချိန်းဖွင့်လှစ်ပြီးနောက် ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံ၌ စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ပြီး ရှယ်ယာများကို မတ် ၂၅ ရက်ကစတင်၍ တရားဝင်လိုင်စင်ရ Listed ကုမ္ပဏီတစ်ခုဖြစ်သည့် FMI က ရှယ်ယာများ စတင်ထုတ်ရောင်းခဲ့သည်။

ဧပြီလကုန်ပိုင်းတွင် Listed ကုမ္ပဏီတစ်ခုဖြစ်သည့် သီလဝါ ကုမ္ပဏီကလည်း ရှယ်ယာများစတင်ထုတ်ရောင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် Listed ကုမ္ပဏီခြောက်ခုအထိ တစ်ခုပြီးတစ်ခု ရှယ်ယာများထုတ်ရောင်းသွားရန် စီစဉ်လျက်ရှိသည်။

ရှယ်ယာရောင်းဝယ်ပြုလုပ်လိုသူများအနေဖြင့် စတော့အိတ်ချိန်းသို့ တိုက်ရိုက်လာရောက်စရာမလိုဘဲ Securities ကုမ္ပဏီများသို့ သွားရောက်ကာ ရှယ်ယာအရောင်းအဝယ်များ ပြုလုပ်ကြရသည်။ ယခုအခါ စတော့အိတ်ချိန်းအတွက် Securities ကုမ္ပဏီ ၁၀ခု အား လုပ်ပိုင်ခွင့်ပြုထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ငွေကြေးရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် အိမ်ခြံမြေအပြင် ရွှေနှင့်ဒေါ်လာတို့အပေါ်တွင်လည်း ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ယခင်က ကားဈေးကွက်တွင် ရင်းနှီးမြှုပ်နှံကြသည်။ ကားတင်သွင်းသည့် မူဝါဒပြောင်းပြီး ကားဈေးများ ကျဆင်းလာကာ အိမ်ခြံမြေဈေးကွက်သို့ ပြောင်း၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာကြသည်။ ယခုအခါ စတော့အိတ်ချိန်းမှာ ငွေကြေးရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူများအတွက် နေရာသစ်တစ်ခုအဖြစ် ပေါ်ပေါက်လာပြီဖြစ်၍ အိမ်ခြံမြေဈေးကွက်မှာ ကျဆင်းလာနိုင်ကြောင်း ပညာရှင်များက သုံးသပ်လျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**စတော့ရှယ်ယာရောင်းဝယ်သူများ Securities ကုမ္ပဏီ၌ တန်းစီစောင့်ဆိုင်းနေစဉ်။**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၁၅) ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကိုလာမည့် ဧပြီ ၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့တွင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန်အတွက် စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လာရောက် လက်ခံကြမည်ဖြစ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းဖြင့် မတ် ၃၁ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၁၆ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ၈ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ 'ဝ'ဘာသာ အစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း (ချိုး) ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နောင်ချိုမြို့နယ်၌ အပူဒဏ်ရှောင်သည့်လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**နောင်ချို မတ် ၂၇**

ယခုအခါ မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်း အမြို့မြို့အနယ်နယ်တို့မှ ပြည်သူများသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်သို့ အပူဒဏ်ကာကွယ်ရင်း နောင်ချိုမြို့နယ်အတွင်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားတံတားကြီးကို လာရောက်လေ့လာကြသည်။

ထို့အတူ နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု ချောင်းသာကျေးရွာ တန်ခိုးကြီးချမ်းသာရဘုရားစေတီတော်သို့ လည်းကောင်း၊ နောင်ချိုမြို့ပေါ်သပြေရေ ရပ်ကွက် သံသရာအေးစေတီတော်သို့ လည်းကောင်း၊ နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာ မန္တလေး-လားရှိုးကားလမ်း နံဘေးရှိ အနော်ရထာမင်းကြီး တိုင်းခန်းလှည့်လည်စဉ် ခေတ္တတည်းခိုပြီး တည်ထားကိုးကွယ်ခဲ့သော တဲနန်းတော်ဘုရားစေတီတော်သို့ လည်းကောင်း မော်တော်ယာဉ်များဖြင့် လာရောက်အပန်းဖြေလေ့လာကြသည်ကို စည်ကားစွာတွေ့မြင်ရသည်။ အထူးသဖြင့် ဂုတ်ထိပ်တံတား၌ ပို၍စည်ကားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# လူနေမှုအရွေ့တစ်ခုနှင့်အတူ အဆင့်မီသော မြို့ပြသစ်ဆီသို့

သတင်းဆောင်းပါး - ရဲခေါင်ညွှန့်
ဓာတ်ပုံ - ဖိုးထောင်၊
ဆောက်လုပ်ရေးဝန်ကြီးဌာန

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေအများဆုံးနေထိုင်သည့် စီးပွားရေးမြို့တော် ရန်ကုန်မြို့သည် မြို့ပြ၌ နေထိုင်သည့် လူဦးရေအချိုးအစားမြင့်မားသည့် နေရာတစ်ခုဖြစ်လာနေသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၁၀ ပုံ ၁ ပုံ နေထိုင်သည့် မြို့တော်ရန်ကုန်၌ မြို့ပြဖွံ့ဖြိုးမှုတိုးတက်လာခြင်း၏ ပြယုဂ်အနေဖြင့် လူဦးရေငါးသန်းကျော်အထိ ရှိလာပြီဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး ရန်ကုန်၌ အခြေချလိုသူအများအပြားရှိနေသောကြောင့် ရန်ကုန်မြို့တွင် စားရေး၊ ဝတ်ရေးထက်နေရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီဖြစ်သည်။

ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် အစိုးရမြေနေရာများပေါ်၌ တန်ဖိုးနည်းအိမ်ရာ၊ အငှားအိမ်ရာနှင့် တန်ဖိုးမျှတအိမ်ရာများကို စီမံကိန်းများရေးဆွဲ ဖော်ထုတ်လျက်ရှိနေသည်။

ရန်ကုန်မြို့၌ တန်ဖိုးနည်းအိမ်ရာအနေဖြင့် လှိုင်သာယာရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ (အနိမ့်ဆုံးဈေးနှုန်း သိန်း ၁၁၀)၊ ဗိုလ်ဗထူးနှင့် ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာ (အနိမ့်ဆုံးဈေးနှုန်းကျပ်သိန်း ၂၀၀)၊ ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာ (အနိမ့်ဆုံးဈေးနှုန်း ၁၀၉ သိန်း) တို့ဖြင့် ရောင်းချပေးခဲ့ပြီး အငှားအိမ်ရာများချထားပေးခဲ့သော်လည်း နေရာလိုအပ်ချက်ကမူ မြို့ပြ၌ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

မြို့ပြ၌ နေထိုင်သော ပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၂ ခုနှစ် ဧပြီလတွင် စင်ကာပူမြို့ပြဒီဇိုင်းအားနမူနာယူ၍ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရွာဝေး၊ ဗြာနှင့် ရတနာလမ်းမပေါ်၌ လူပေါင်းတစ်သိန်းခန့် နေထိုင်နိုင်မည့် အထပ်မြင့်အိမ်ရာစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်က “ဒီစီမံကိန်းက မြန်မာနိုင်ငံသားတွေ လူနေမှု အဆင့်အတန်းမြင့်မားဖို့အတွက်ရည်ရွယ်ပြီး စင်ကာပူမြို့ပြဒီဇိုင်းပုံစံမျိုး ဆောင်ရွက်ထားတာပါ။ ကျွန်တော်တို့အထပ်မြင့် အဆောက်အအုံစုစုပေါင်း ၄၉ လုံးဆောက်လုပ်မှာပါ။ အဲ့ဒီ ၄၉ လုံးကိုအုပ်စု ၁၁ စု ခွဲပါတယ်။ အဆောက်အအုံက ၁၈ ထပ် အမြင့်ရှိပါမယ်။ အဆောက်အအုံတစ်ခုမှာ အခန်းပေါင်း ၄၀၀ လောက်ပါမှာဆိုတော့ လူ ၂၀၀၀ လောက် အကြမ်းဖျင်းနေနိုင်ပါတယ်။ တိုက်အလုံးပေါင်း ၄၉ လုံးဆိုတော့ လူဦးရေတစ်သိန်းကျော်လောက် နေနိုင်တဲ့မြို့ပြ အဆောက်အအုံကြီး ဖြစ်သွားပါလိမ့်မယ်”ဟု လက်ရှိဆောင်ရွက်လျက်ရှိသည့် ရွာဝေး၊ ရတနာအထပ်မြင့် စီမံကိန်းနှင့်ပတ်သက်၍ပြောပြသည်။

ရွာဝေး၊ ရတနာအထပ်မြင့်စီမံကိန်းသည် ယခုအခါတွင် အခန်းပေါင်း ၂၇၆ ခန်း ပါဝင်သည့် အဆောက်အအုံနှင့် အခန်းပေါင်း ၄၀၀ ပါဝင်သည့် အဆောက်အအုံ စုစုပေါင်း ခြောက်လုံးကို ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်ကစ၍ လျှောက်လွှာများအား စတင်လျှောက်ထားခွင့်ပြု၍ ရောင်းချပေးနေပြီဖြစ်သည်။ ရောင်းချပေးသည့် အခန်းများသည် စတုရန်းပေ ၆၀၀ ရှိသည့်အခန်းများနှင့် စတုရန်းပေ ၁၂၀၀ ရှိသည့် အခန်းများဖြစ်သည်။

“မြို့ပြမှာ များပြားလာတဲ့ လူဦးရေကြောင့် လူနေမှုအဆင့်တစ်ခုကိုပြနိုင်မယ့် အထပ်မြင့်အဆောက်အအုံအိမ်ရာတွေ သမ္မတကြီးက ၂၀၁၂ ခုနှစ် စင်ကာပူခရီးစဉ်သွားပြီး အပြန်မှာဖော်ထုတ်ချင်တယ်။ လူတွေနေရေးကိုဖြေရှင်းပေးမယ့် အိမ်ရာတွေ ဖော်ထုတ်ဖို့ များများဆောက်နိုင်ဖို့အတွက် နိုင်ငံတော်ပိုင်မြေနေရာတွေ ရှာဖွေတယ်။ အခု ဒီနေရာတွေက အရင်တုန်းက ပေ ၄၀၊ ပေ ၆၀ အကွက်တွေပဲ ဖော်ထုတ်ရောင်းချတဲ့ မြို့သစ်စီမံကိန်းပါ။ ဆက်လက်မရောင်းတော့ဘဲ ဧက ၂၀၀ လောက်ရှိတဲ့နေရာမှာ အခုလို အထပ်မြင့်အဆောက်အအုံတွေ ဖော်ထုတ်နေတာပါ” ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြို့ပြအခြေခံအဆင့်ဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက အိမ်ရာစီမံကိန်းဖြစ်ပေါ်လာပုံကို ပြောကြားသည်။



ဦးမောင်မောင်လွင်
ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဆက်လက်၍ ဒေါ်စန်းစန်းအေးက “ပေ ၄၀၊ ပေ ၆၀ မှာ အိမ်ဆောက်မယ်၊ မိသားစုနေမယ်ဆို ငါးယောက်လောက်ပဲနေနိုင်မယ်။ အခုလို အထပ်မြင့် ဆောက်လိုက်တော့ မိသားစုဦးရေအများကြီးနေနိုင်မယ်။ နောက်နိုင်ငံတကာမှာက အထပ်မြင့်ဆောက်တဲ့နည်းပညာက တိုးတက်နေပြီဆိုတော့ မြန်မာနိုင်ငံအနေနဲ့ အဆင့်မြင့်နည်းပညာကိုရရှိအောင် ရည်ရွယ်တာပါ။ ပထမတုန်းက အထပ် ၃၀ လောက်အထိ ဆောက်လုပ်ဖို့ စဉ်းစားခဲ့ပေမယ့် နောက်ဆုံးမှာတော့ ၁၈ ထပ်ပဲ ဆောက်ဖို့ ဆုံးဖြတ်ခဲ့တာပါ” ဟု ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့၌ ပုံမှန် ရှစ်ထပ်၊ ကိုးထပ်များသာ ဆောက်လုပ်လျက်ရှိသော်လည်း ယခုကဲ့သို့ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ရန်အတွက် စိတ်ချလုံခြုံမှုရှိစေရန် စင်ကာပူအစိုးရ တာဝန်ယူဆောက်လုပ်ခဲ့သည့် HTP အဆောက်အအုံပုံစံမျိုးရရှိရန် စင်ကာပူနိုင်ငံ Surbana ကုမ္ပဏီသို့ ဗိသုကာဒီဇိုင်းနှင့် Structure ဒီဇိုင်းများအပ်နှံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ရွာဝေး၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းရုံးမှသိရသည်။

ရွာဝေး၊ ရတနာအထပ်မြင့်စီမံကိန်းအတွက် ၁၈ ထပ်အမြင့်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်ရန်အတွက် တွက်ချက်ဆောက်လုပ်ထားခြင်း၊ Precast စနစ်ကို အသုံးပြုထားခြင်း၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ခြင်း၊ အဆောက်အအုံတစ်ခုလျှင် ဓာတ်လှေကားလေးစင်းအထိထားရှိပေးခြင်း၊ မီးသတ်စနစ်နှင့် အမှိုက်စွန့်ပစ်စနစ်များထားရှိပေးခြင်း၊ အောက်ဆုံးထပ်နှင့် ၁၀ ထပ်တို့တွင် အခန်းများမထားရှိဘဲ စုဝေးဟောပြောရန်နှင့် စုရပ်များပြုလုပ်နိုင်ရန် Social Area အဖြစ် သတ်မှတ်ပေးထားခြင်းနှင့် ကားပါကင်စနစ်များပါဝင်သည်။

ထို့ပြင် စီမံကိန်းဧရိယာအတွင်း စီးပွားရေးအဆောက်အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်း၊ ဈေးဝယ်စင်တာ၊ ပန်းခြံနှင့် Bus Terminalများ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်က “ကျွန်တော်တို့ ဦးစီးဌာနပိုင်မြေကို စွန့်လွှတ်ပြီး အများပြည်သူပိုင်မြေအဖြစ် လုပ်ဆောင်မှာပါ။ နောက်ကွန်ဒို ဥပဒေအရ စီစဉ်ပေးပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။ အဆောက်အအုံတွေ အားလုံးပြီးသွားတာနဲ့ ကွန်ဒိုအဆောက်အအုံဖြစ်မှာပါ။ ဒါဆိုဝယ်ယူသူတွေ အနေနဲ့ ကွန်ဒိုတိုက်ခန်းကို ပိုင်ဆိုင်နိုင်မှာပါ”ဟု ပြောပြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်က စုပေါင်းအဆောက်အအုံဆိုင်ရာဥပဒေ (ကွန်ဒိုဥပဒေ) ကို ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်သည်။



ဒေါ်စန်းစန်းအေး
ညွှန်ကြားရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြို့ပြအခြေခံအဆင့်ဖွံ့ဖြိုးရေးဌာနခွဲ

ပြဋ္ဌာန်းလိုက်သော ကွန်ဒိုဥပဒေအရ ကွန်ဒိုနည်းဥပဒေရှိလာပါက ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်သူသည် စာချုပ်စာတမ်းမှတ်ပုံတင်ပြီးလျှင် တရားဝင်ပိုင်ဆိုင်မှုရှိ၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဘဏ်များတွင်ပေါင်နှံခြင်း၊ နိုင်ငံခြားသားများအား တရားဝင်ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

မြို့ပြအခြေခံအဆင့်ဖွံ့ဖြိုးရေးဌာနခွဲမှ ဒေါ်စန်းစန်းအေးက “ဒီစီမံကိန်းက မြို့လယ်ကောင်နဲ့ ကိုးမိုင်အကွာမှာရှိတယ်။ ပုံမှန်လာရင် နာရီဝက်၊ ၄၅ မိနစ်အတွင်း ရောက်နိုင်တယ်။ လူနေမှုများပြားလာမှုနဲ့အတူ မြို့တစ်ခုမှာ လိုအပ်တဲ့ အင်္ဂါရပ်တွေအားလုံး ထည့်သွင်းပေးထားတယ်။ ရေလမ်းနဲ့ပါ သွားလို့ရအောင်စီမံချက်ထဲမှာ ထည့်ထားတယ်။ ဒီစီမံကိန်းက သီလဝါ SEZ နဲ့ဆို



ရွာဝေး၊ ရတနာအထပ်မြင့်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

မဝေးဘူး။ နောက် ဒီမှာ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်ရှိတယ်။ အလုပ်အကိုင်အခွင့်အလမ်းအတွက်လည်းကောင်းမွန်တယ်။ ရှုခင်းက ၁၈ ထပ်ဆိုတော့ ပင်လယ်တောင်မြင်နိုင်တယ်။ လေကောင်းလေသန့်လည်းရတယ်” ဟုပြောသည်။

လက်ရှိ၌ မတ် ၁၆ ရက်ကစတင်၍ လျှောက်လွှာများဖြင့် ရောင်းချပေးနေသော ရွာဝေး၊ ရတနာအထပ်မြင့်စီမံကိန်းတွင် ရောင်းချမှုပုံစံ သုံးမျိုးပါဝင်မည်ဖြစ်သည်။

အခန်းတန်ဖိုးကို တစ်ခါတည်း အပြီးပေးချေမည်ဆိုပါက အခန်းတန်ဖိုး၏ ငါးရာခိုင်နှုန်းအား လျှော့ပေးသည့် ပုံစံ၊ လစဉ်ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် အခန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၃၀၀ ကို CHD ဘဏ်တွင် တစ်နှစ်ပေးသွင်း၍ ကျန် ၅၀ ရာခိုင်နှုန်းအား တစ်လလျှင် ငွေကျပ်ငါးသိန်းခန့်ဖြင့် ရှစ်နှစ်တိတိ ပေးသွင်းနိုင်မည့် ပုံစံ၊ အခန်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို လက်ရှိပေးသွင်းပြီးပါက တစ်နှစ်အတွင်း ကျန်သည့်ငွေအား ဆက်လက်ပေးချေမည့်ပုံစံတို့ဖြင့် ပေးသွင်းနိုင်သည်။

ဒေါ်စန်းစန်းအေးက “လျှောက်လွှာတင်တာနဲ့ ကိုယ်ကြိုက်တဲ့အခန်းကို တစ်ခါတည်းကြည့်ပြီး ဝယ်ယူနိုင်ပါတယ်။ လျှောက်လွှာတင်ပြီး စောင့်နေရတာမဟုတ်ပါဘူး” ဟု ပြောသည်။

မတ် ၁၆ ရက်က စတင်၍ ၁၈ ထပ်အမြင့်ရှိသည့် ရွာဝေး၊ ရတနာအဆောက်အအုံများအား ရောင်းချပေးနေရာ မတ် ၂၇ ရက်အထိ အခန်းပေါင်း ၃၈၀ ခန့် ရောင်းချပြီးဖြစ်ကြောင်း၊ ဈေးနှုန်းမှာ ငွေကျပ်သိန်း ၆၀၀၊ သိန်း ၁၂၀၀ တို့ဖြစ်ပြီး လျှောက်လွှာများကို ဗိုလ်အောင်ကျော်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး (မြို့ပြနှင့် အိမ်ရာဦးစီးဌာန)၊ ဒဂုံဆိပ်ကမ်းရှိ ရွာဝေး၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း(စီမံကိန်းညွှန်ကြားရေးမှူးရုံး)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၄၀) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော် )တို့၌ ဝယ်ယူနိုင်ကြောင်း ရွာဝေး၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းမှ သိရသည်။

ရွာဝေး၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းမှ ရောင်းချပေးမည့်အခန်းများ၏ ဈေးနှုန်းနှင့်ပတ်သက်၍ ဒေါ်စန်းစန်းအေးက “ဈေးနှုန်းက အလယ်အလတ်ပါ။ နှစ်ရှည် ငွေပေးချေရမယ့် စနစ်သုံးထားတယ်။ မိသားစုလိုက်ဝင်ငွေရှိတယ်ဆိုရင်တော့ အရစ်ကျဝယ်နိုင်တယ်။ မြို့ပြအဆင့်အတိုင်း အဆင့်မြင့်မြင့်နေနိုင်မှာပါ။ ဒီမှာက အခန်းတွေအများကြီးပဲ။ ပွဲစားမရှိဘူး။ လိုလည်း မလိုဘူး” ဟုပြောသည်။

Condominium Project များ များပြားလာသည်နှင့်အမျှ နိုင်ငံတကာမှ ဆောက်လုပ်ရေးလုပ်ငန်းများသည်လည်း ပြည်တွင်းသို့ ဝင်ရောက်မှုများရှိလာနေသည်။ စုပေါင်းအဆောက်အအုံဆိုင်ရာဥပဒေ (Condominium Law) ထွက်ရှိလာပြီးနောက် ကွန်ဒိုတိုက်ခန်းဈေးနှုန်းများ တက်လာနိုင်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် အဆင့်အတန်းပြည့်မီစွာ နေထိုင်လာနိုင်တော့မည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့ကမူ စက်မှုဇုန်များတည်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်နှင့် နီးကပ်လျက်ရှိသည့် ဒဂုံတောင်ဆိပ်ကမ်းမြို့နယ်၌ အိမ်ရာအမြောက်အမြား ဖော်ဆောင်လျက်ရှိပြီး အဆိုပါနေရာများသည် ဝယ်လိုအားကောင်းလာနိုင်သည်ဟု သုံးသပ်သည်။

## အမြင့်ဆုံးအပူချိန်စံချိန်သစ်

**နေပြည်တော် မတ် ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ မြိတ်စခန်း၌ ၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၁၀၁ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်) အမြင့်ဆုံးအပူချိန်စံချိန်သစ် တိုးထွာရရှိကြောင်း သိရသည်။ ယခင်စံချိန်ဟောင်းမှာ ၂၃-၃-၂၀၁၀ ရက်က ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)ဖြစ်သည်။ ယခုစံချိန်မှာ စခန်းစဖွင့်သည်မှ နှစ်ပေါင်း ၆၉ နှစ်အတွင်း အမြင့်ဆုံးစံချိန်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ဆီဘောက်ဆာယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်၊ ဆိုင်ကယ်ယာဉ်မောင်းသေဆုံး

**တိုက်ကြီး မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်း ဂျိုးဖြူကွေ့ မိုင်တိုင်အမှတ်(၅၀)၌ ယမန်နေ့ ည ၇ နာရီက ဆီဘောက်ဆာယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်လမ်းအတိုင်း ပြည်ဘက်မှ တိုက်ကြီးဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်အမှတ် 9E/---- ဆီဘောက်ဆာယာဉ်သည် တိုက်ကြီးဘက်မှ ပြည်ဘက်သို့ မျက်နှာချင်းဆိုင် မောင်းနှင်လာသော ဆိုင်ကယ်ယာဉ်မောင်း ယဉ်ထွေး (၂၈နှစ်) ဥက္ကံမြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးကာ ဆီဘောက်ဆာ ယာဉ်မောင်း(စုံစမ်းဆဲ)မှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တိုက်ကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ကရိန်းယာဉ် ဘရိတ်ပေါက်၍ တစ်ဦးပြုတ်ကျသေဆုံး

**မင်းကင်း မတ် ၂၇**

စစ်ကိုင်းတိုင်း ဒေသကြီး မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာ၌ မတ် ၂၅ ရက် ညနေ ၅ နာရီခွဲက ကလေးဝမြို့နယ် အောင်ချမ်းသာကျေးရွာမှ မောင်းနှင်လာသော ကရိန်းယာဉ်တစ်စီးသည် မောက္ကတော်ကျေးရွာနှင့် ငါးမိုင်အကွာ၌ လူတစ်ဦး ယာဉ်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သတင်းအရ မောက္ကတော်စခန်းမှ သွားရောက်စစ်ဆေးရာ ကရိန်းယာဉ်မောင်း ဦးကျော်ရင် (၅၇နှစ်)သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲကမ်းပါးရံတိုက်မိရာမှ ပြုတ်ကျပြီး ဦးခေါင်း ဒဏ်ရာဖြင့် သေဆုံးကာ မင်းကင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကရိန်းယာဉ်ပေါ်၌ လမ်းကြုံ စီးနင်းလိုက်ပါလာသူ ဦးမြင့်ဝေနှင့် ဦးကျော်မိုးတို့အနက် ဦးကျော်မိုးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်းအား မောက္ကတော်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချင်းတွင်းသား**

## ရေစုပ်စက် တာလပတ်ကြိုးအတွင်း ထဘီစငြိပါပြီး အမျိုးသမီးတစ်ဦးသေဆုံး

**မင်းဘူး မတ် ၂၇**

မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာ၌ ရေစုပ်စက်အနီး ဖြတ်လျှောက်ရာမှ အမျိုးသမီးတစ်ဦးဒဏ်ရာရသေဆုံးမှု မတ် ၂၆ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက်က ရွာမကန်ကျေးရွာ ရွာလယ်ရှိ ရေပေးဝေရေးကန်၌ စောင့်ရှောက်ရန်တာဝန်ပေးထားသူ ယင်းရွာနေ ဒေါ်စိန်လှိုင် (၆၄နှစ်)သည် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရေထည့်ကန်ပြည့်လျှံနေ၍ ရေသွားခပ်စဉ် ရေကန်အနီးရှိ စက်မောင်းထားသည့် ရေစုပ်စက်အနီးဖြတ်လျှောက်ရာမှ တာလပတ်ကြိုးအတွင်း ထဘီစငြိပါသွားခဲ့ပြီးလဲကျခဲ့ရာ ဒေါ်စိန်လှိုင်တွင် ဒဏ်ရာများရရှိခဲ့ကာ ဆေးရုံ တက်ရောက်ကုသနေစဉ် သေဆုံးသွားကြောင်း သိရသည်။

**ကျော်ဇေယျ**

## လပွတ္တာမြို့နယ်၌ ရှားပါးမျိုးစိတ်ဝင် မိကျောင်းတစ်ကောင် အရှင်ဖမ်းဆီးရမိ

**လပွတ္တာ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဘီတွက်ကျေးရွာအုပ်စု ကျွန်းချောင်းကျေးရွာအနီး ဒေါက်ကံယုံ ကျွန်းကြား၌ မတ် ၂၆ ရက် နံနက် ၁၀ နာရီခန့်က မိကျောင်းအမ တစ်ကောင်ကို အရှင်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လပွတ္တာမြို့ ဘီတွက်ကျေးရွာအုပ်စု ကျွန်းချောင်းရွာအနီး၌ ပြာမလေ့မြစ်အတွင်း ရေလုပ်သား ဦးထွန်းနိုင် ဦးဆောင်သည့် ၁၀ ဦးအဖွဲ့က ဒေါက်ကံယုံ ကျွန်းကြား သောင်ပြင်ပေါ်၌ ရေလုပ်သားများ လုပ်ငန်းရပ်နေထိုင်စဉ် ကုန်းပေါ်သို့ မိကျောင်းတစ်ကောင် တက်လာသည်ကိုတွေ့ရာ အသင့်ပါလာသော ငါးဖမ်းပိုက်ဖြင့် ဝိုင်းဝန်းဖမ်းဆီးရာ အလျား ၁၀ ပေ၊ လုံးပတ် သုံးပေခန့်ရှိ မိကျောင်းအမတစ်ကောင်ကို ဖမ်းမိ၍ စက်လှေနှင့် သယ်ဆောင်ကာ ငါးလုပ်ငန်းဦးစီးဌာနသို့ ပေးအပ်ခဲ့ကြောင်း ရေလုပ်သားများထံမှ သိရ သည်။

ဎင်းမိကျောင်းအား လပွတ္တာမြို့မှတစ်ဆင့် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မိကျောင်းမွေးမြူရေးစခန်းသို့ ပို့ဆောင်ရန် စီစဉ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ငွေအိုး(ကသာ)**



## တာချီလိတ်၌ တရားမဝင်လက်နက်ခဲယမ်းများ ယူဆောင်လာသူကိုအရေးယူ

**တာချီလိတ် မတ် ၂၇**

တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် ရီဂျီးနားဟိုတယ် နောက်လမ်း၌ တူမီးသေနတ်နှင့်ခဲယမ်းများ တရားမဝင်ယူဆောင်လာသူကို မတ် ၂၆ ရက် ည ၁၀ နာရီခန့်က ဖမ်းဆီးရမိသည်။



တာချီလိတ် မြို့မရဲစခန်းမှ ရဲအုပ်အောင်မင်းဦးသည် မြို့ပေါ်လှည့်ကင်းအဖွဲ့(၁)မှ နယ်ထိန်းရဲတပ်ကြပ်ကြီး စိုးမင်းမင်းနှင့်အဖွဲ့ လှည့်ကင်းဆောင်ရွက်နေစဉ် မတ် ၂၆ ရက် ည ၁၀ နာရီခန့်က ဆန်ဆိုင်း (ခ)ရပ်ကွက် ရီဂျီးနားဟိုတယ် နောက်လမ်း၌ ဟွေရဲရွာဘက်မှ ရီဂျီးနားဂေါက်ကွင်းဘက်သို့ ယာဉ်မောင်း စိုင်းအွန်မောင်းနှင်လာသည့် မစ်ဆူဘီရှီ ပါဂျဲရိုးယာဉ်ကို ရပ်တန့်ရှာဖွေရာ မော်တော်ယာဉ်အတွင်း ယာဉ်မောင်း ထိုင်ခုံနောက်ဆိုဖာပေါ်မှ အရှည်သုံးပေ ရှစ်လက်မခန့်ရှိ ခဲယမ်းအသင့်ထည့်ထားသည့် တူမီးသေနတ် တစ်လက်၊ ယမ်းများပါကတ် တစ်ခု၊ ခဲသီး ၂၅ လုံးတို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှ တရားမဝင်လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသယ်ဆောင်လာသူ စိုင်းအွန်(၄၅နှစ်) ဆန်ဆိုင်း (ခ)ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ထားဝယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်

**ထားဝယ် မတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကရပ်ပြင်တောင်ရပ် လေသာလမ်း ဦးလှဝင်းနေအိမ်၌ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်က ဦးလှဝင်း(၆၀နှစ်)သည် နေအိမ်မှ သုံးဘီးမောင်းရန်ထွက်ခွာသွားရာ နေအိမ်တွင် မြေးဖြစ်သူသားကြီး (၁၂နှစ်)နှင့် မိစုကမ်း(လေးနှစ်) နှစ်ဦးကျန်ခဲ့ရာ ကလေးနှစ်ဦးသည် ရပ်ကွက်အတွင်း လျှောက်လည်နေစဉ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ရဲသူရိန် ခင်မောင်ရီ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်ငါးစီး၊ ခရိုင်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းအောင်နှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


မြန်မာမြတ်ချယ်ရီ Travel & Tours 01-551240, 09-5003647
April 10-17 အားလုံးအပြီးအစီး Package ကားသီးသန့်ငှားသည်
➤ ဗီယက်နမ်–ဟနွိုင်း–ဟလောင်းဘေး–ဟိုချီမင်း–မဲခေါင်–ဖန်သောင်း Beach
အထူး .. အထူး .. ခရီးစဉ် (8D /7N) $ 895
➤ တရုတ်ပြည်–ရွှေလီ–ကြယ်ဂေါင်–မန်စီ–ဝမ်တိန် –ကျောက်စိမ်း
(April 11) (7D /6N) 3.5 သိန်း
ကုမ္ပဏီများအတွက်အထူးဈေးနှုန်းဖြင့် စီစဉ်ပေးသည်
အမှတ်(၁၂၂/၁၂၄၊ကျိုက္ကဆံလမ်း၊တာမွေ။ Fb: Myanmar Myat Cherry Travel & Tours



**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄/A(အောင်ဇေယျအိမ်ရာ)၊ မြေကွက်အမှတ် ၁-က၊ ဧရိယာ၁ဒသမ၇၆၃ဧက နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ညွန့်ယဉ်ဝင်း၊ ဦးကျော်ထွန်းအောင်၊ ဒေါ်အိမ့်အိမ့်အောင် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား စွန့်လွှတ်ခြင်းစာချုပ် ၅၅၅/၂၀၁၆ တင်ပြ၍ ဦးကျော်ထွန်းအောင်၁၄/ညတန(နိုင်)၀၉၃၈၇၉၊ ဒေါ်အိမ့်အိမ့်အောင် ၁၂/စခန(နိုင်) ၀၅၅၇၈၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/4016 Toyota VITZ SCP90 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းအောင် ၁၀/မလမ(နိုင်)၂၂၉၀၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**



**ထန်းတပင်ကျောင်းတိုက် လယ်တီဝိပဿနာ**
**အထူးတရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ထန်းတပင်ကျောင်းတိုက်၌ လယ်တီဝိပဿနာတရားစခန်းကို ၁၂-၄-၂၀၁၆ရက်မှ ၁၇-၄-၂၀၁၆ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရား အားထုတ်လိုသောယောဂီများသည် ၁၁-၄-၂၀၁၆ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ တရားစခန်းသို့ ကြွရောက်ပါရန် နှိုးဆော်အပ်ပါသည်။ ယောဂီများကြိုတင်၍ အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းနိုင်ပါသည်။

**ထန်းတပင်ကျောင်းတိုက်လယ်တီဝိပဿနာ အကျိုးတော်ဆောင်အဖွဲ့**
**ဖုန်း-၀၉-၇၉၁၆၉၂၉၆၄၊ ၀၉-၇၃၀၃၁၆၁၇**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ လင်းပင်လမ်း၊မြေကွက်အမှတ်(၁၃၈)မြေပေါ်ရှိ(၄၀×၆၀)ပေအနက်မှခြေရင်းခြမ်းဖြစ်သော အမှတ်(၁၃၈/ခ)မြေပေါ်ရှိ(၂၀×၆၀)ပေ၊နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောသွပ်မိုး၊ထရံကာ၊ပျဉ်ခင်း(၁)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားနှစ်(၆၀)မြေငှားဂရန်မူလအမည်ပေါက်ပိုင်ဆိုင်သူဦးသိန်းနိုင် (၁၂/ဥကတ(နိုင်)၁၁၃၂၀၆)ကိုင်ဆောင်သူမှရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူပြီးရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကခိုင်မာလုံလောက်သောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့်၍ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဇော်မိုးလွင် LL.B** **ဦးသိန်းထူး LL.B**
အထက်တန်းရှေ့နေ(စဉ်– ၄၃၁၆၆) တရားလွှတ်တော်ရှေ့နေ(စဉ်–ရ၈၁၅)

ရုံး -ရုံးပတ်လမ်း၊မြို့နယ်တရားရုံးအနီး၊မဇတ(လမ်းဆုံ)၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၁၄၄၁၄ ၊ ၀၉ ၂၅၆၂၈၆၃၉၁



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများအားမြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါအမှတ်–၀၈/မမ/ (CE)(2016-2017)**

ဥသျှစ်ပင်ကွန်ကရစ်ဇလီဖားစက်ရုံတွင်အသုံးပြုရန်( ၆"x ၉" )အရွယ် ကျောက်ကြီး (၂၆၀၀)ကျင်းအားကျောက်ကွင်းအထိုင်ဈေးဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် – ၄.၄.၂၀၁၆ (၁၂း၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖေါ်ပြပါဌာနတွင် (၂၈.၃.၂၀၁၆ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5K/4103, Toyota Hilux Vigo KUN 15, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ Shwe Academy Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**


စာအုပ်စာပေ လူ့မိတ်ဆွေ

# ကျွန်တော်နဲ့ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများ



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံကို သုံးသပ်လေ့လာတဲ့အခါ မိသားစုပိုင်စီးပွားရေးလုပ်ငန်းများဟာ အရေးပါလျက် ရှိနေသေးတာကို တွေ့မြင်ရပါတယ်။ အမှန်စင်စစ် မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေဟာ ရှေးအကျဆုံး ဖြစ်ရုံသာမက ယခုထက်တိုင် ပဓာနကျတဲ့အခန်းမှာရှိနေတာဖြစ်တယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ သုံးသပ်တဲ့အခါ လုပ်ငန်းများရဲ့ ၇၀ ရာခိုင်နှုန်းဟာ မိသားစုပိုင်လုပ်ငန်းတွေဖြစ်နေပါတယ်။ မိသားစုပိုင်စီးပွားရေးလုပ်ငန်းများဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါနေတာတွေ့ရပါတယ်။

အချို့သောနိုင်ငံတွေမှာ မိသားစုပိုင်စီးပွားရေးလုပ်ငန်းဟာ တိုင်းပြည်ဝင်ငွေရဲ့ ၆၅ ရာခိုင်နှုန်းမျှဖြစ်နေပါတယ်။

မိသားစုပိုင် စီးပွားရေး လုပ်ငန်းတွေဟာ အသေးစား၊ အလတ်စားများသာမက ကြီးမားတဲ့ လုပ်ငန်းအဖွဲ့အစည်းများ ပါဝင်လျက်ရှိတယ်။ နိုင်ငံအနှံ့မှာရှိတဲ့ နာမည်ကြီး စီးပွားရေးလုပ်ငန်းတွေဟာ မိသားစုပိုင်ဆိုင်နေတာ တွေ့ရပြန်တယ်။

တစ်ခုတော့ရှိပါတယ်။ မိသားစုပိုင်လုပ်ငန်းတွေဟာ သက်တမ်းမရှည်တာ မြင်ရပြန်တယ်။ သားစဉ်မြေးဆက် ဆက်ခံမှုကို သုံးသပ်ရင် အဘိုးလုပ်တဲ့သူကတစ်ဆင့် မြေးဖြစ်သူအထိ လုပ်ငန်းပြောင်းလဲနိုင်မှုဟာ ၁၂ ရာခိုင်နှုန်းခန့်သာ တွေ့ရတယ်။ အဓိပ္ပာယ်က သက်တမ်းတိုတာကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ အခုလိုဖြစ်ရတာဟာ သားသမီးမြေးမြစ်များကို ကြိုတင်ပြင်ဆင်ပေးမှု မရှိတာဟာ အခြေခံပြဿနာတစ်ခု ဖြစ်တယ်။ ဒါကြောင့်လည်း မိသားစုပိုင်စီးပွားရေးကို ရှင်သန်မှုရှိအောင်၊ ရေရှည်တည်တံ့အောင် ကြိုးစားဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ စီးပွားရေးမူဝါဒတွေချမှတ်ရာမှာ လုပ်ဆောင်နေကျပုံစံမျိုးကို စဉ်းစားရာမှာ မိသားစုလုပ်ငန်းတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်မှာဖြစ်တယ်။

မိသားစုစီးပွားရေးလုပ်ငန်းတွေကို စီမံအုပ်ချုပ်ရာမှာ ထူးခြားတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရပါတယ်။ တစ်ဖက်မှာလည်း ပကတိအနေအထားကို အခြေခံပြီး ဆောင်ရွက်သွားဖို့လိုပါတယ်။ မိသားစုစီးပွားရေးလုပ်ငန်းတိုင်းမှာ အစိတ်အပိုင်းသုံးရပ်ရဲ့ ထိတွေ့ဆက်စပ်မှုဟာ အဓိကဖြစ်တယ်။ ပထမအနေနဲ့ မိသားစုဖြစ်ပြီး ဒုတိယကပိုင်ဆိုင်မှုနဲ့ နောက်ဆုံးကတော့ စီးပွားရေးလုပ်ငန်းပဲဖြစ်တယ်။ မိသားစုလို့ပြောရင် တာဝန်ယူမှု၊ ဆက်သွယ်ဆက်ဆံမှု၊ တန်ဖိုးထားမှု၊ ပဋိပက္ခဖြေရှင်းမှု နောက်ခံသမိုင်းစတာတွေ ပါဝင်ပါတယ်။ ပိုင်ဆိုင်မှုလို့ပြောရာမှာ ပိုင်ဆိုင်မှုအဆောက်အအုံ တရားဥပဒေအရ ဖွဲ့စည်းမှုရုပ်ပုံ မျှော်မှန်းချက်တွေ ပါဝင်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်လာရင် စီမံခန့်ခွဲမှု၊ ဦးဆောင်မှုကို စဉ်းစားဖို့လိုအပ်ပြီး အဆုံးအဖြတ်ပေးခြင်း၊ မဟာဗျူဟာချမှတ် အကောင်အထည်ဖော်ခြင်း၊ အကျိုးအမြတ်ခွဲဝေမှုတို့ဖြစ်တယ်။ ဒီအစိတ်အပိုင်းသုံးရပ်ကို ကောင်းမွန်သောစီမံအုပ်ချုပ်မှုနဲ့ ထိန်းချုပ်ထားရမှာ ဖြစ်ပါတယ်။

မိသားစု စီးပွားရေးလုပ်ငန်းရဲ့ အားသာချက်ဟာ မိသားစုများရဲ့ ပင်ကိုအရည်အချင်း၊ အရည်အသွေးတွေကြောင့်ဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး အားပေးကူညီပံ့ပိုးနိုင်မှုအပေါ် အခြေခံပါတယ်။ မိသားစုတွေဟာ လုပ်ငန်းအပေါ် သံယောဇဉ်ရှိရုံမက ယုံကြည်စိတ်ချအားကိုးရသူများဖြစ်ပြီး လုပ်ငန်းအပေါ် ဂုဏ်ယူကြသူတွေဖြစ်ပါတယ်။ တစ်ဖက်က အားသာချက်တွေရှိသလို တစ်ဖက်မှာ အားနည်းချက်တွေ ရှိပါတယ်။ မိသားစုဖြစ်တာမို့ ရှုပ်ထွေးမှုတွေရှိနိုင်သလို စည်းကမ်းလိုက်နာမှုမှာလည်း အားနည်းနိုင်ပါတယ်။ မိသားစုစီးပွားရေးလုပ်ငန်းတွေဟာ အဆင့်နှစ်ဆင့်ကို ဖြတ်သန်းပါတယ်။ ပထမအဆင့်မှာ လုပ်ငန်းစတင် တည်ထောင်သူတွေက ဦးစီးပါတယ်။ ဒုတိယအဆင့်မှာတော့ တည်ထောင်သူရဲ့ ဒုတိယမျိုးဆက် မောင်နှမတွေဦးစီးပြီး ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်။ နောက်ဆုံးအဆင့်မှာတော့ မျိုးဆက်သစ်တွေဟာ ဆက်လက်တာဝန်ယူမှုဖြစ်တယ်။ ဒီအဆင့်နှစ်ဆင့်စလုံးမှာ ဖြေရှင်းရမယ့် စီမံအုပ်ချုပ်မှုဆိုင်ရာ စဉ်းစားရမယ့်အချက်တွေ ရှိပါတယ်။

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေကို စီမံအုပ်ချုပ်ရာမှာမှန်ကန်တဲ့အခြေခံ အဆောက်အအုံတွေ၊ ဖြစ်စဉ်တွေ၊ တာဝန်ယူမှုတွေ၊ ဆက်သွယ်ဆက်ဆံမှုတွေကို သတိပြုရမှာဖြစ်တယ်။ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုဟာ

> ❑❑ မိသားစု စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ငန်းကို ဆက်လက်ပြီး တာဝန်ယူမယ့် သူတွေကို ပွင့်လင်းမြင်သာစွာ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်
>
> ❑❑ လုပ်ငန်းအကြောင်းမသိတဲ့ အတွေ့အကြုံမရှိတဲ့ သူတွေကို လုပ်ငန်းဦးစီးဖို့ တာဝန်ပေးလိုက်ရင် မလိုအပ်တဲ့ အခက်အခဲတွေ ကြုံနိုင်ပါတယ်

အစိတ်အပိုင်း(၅)ရပ်အပေါ် မူတည်ပါတယ်။ ပထမအချက်ကတော့ တာဝန်ခံမှုဖြစ်ပြီး ဒုတိယအချက်က တရားမျှတမှုဖြစ်တယ်။ တတိယအချက်ကတော့ တာဝန်ယူမှုဖြစ်ပြီး စတုတ္ထအပိုင်းက လွတ်လွတ်လပ်လပ်စဉ်းစားဆောင်ရွက်မှုဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ ပွင့်လင်းမြင်သာမှုဖြစ်ပါတယ်။

မိသားစုစီးပွားရေးလုပ်ငန်းတွေကို စီမံအုပ်ချုပ်ရာမှာကျင့်သုံးနိုင်တဲ့ပုံစံလေးမျိုးရှိကြောင်း သိရှိရပါတယ်။ အောက်ဆုံးအဆင့်မှာ မူလလုပ်ငန်းတည်ထောင်သူဦးစီးမှုဖြစ်ပြီး ဥပဒေသတ်မှတ်ချက်ကို ကိုက်ညီမှုရှိအောင်ကြိုးစားတာဖြစ်တယ်။ ဒီအဆင့်မှာ လုပ်ငန်းအောင်မြင်မှုကို အာရုံပြုပြီး စီမံအုပ်ချုပ်မှုအပေါ် အာရုံစိုက်မှု နည်းပါးပါတယ်။ ဒုတိယအဆင့်မှာတော့ ပိုင်ရှင်တွေသာမက စီမံအုပ်ချုပ်သူတွေရဲ့ ပါဝင်ပတ်သက်မှုရှိလာပြီး မိသားစုဝင်များအနေနဲ့ လုပ်ငန်းအပေါ် ပိုမိုစိတ်ဝင်စားလာခြင်းဖြစ်တယ်။ အပြင်လူ သူစိမ်းများပါလာတာမို့ အယူအဆအသစ်တွေ၊ အမြင်သစ်တွေ ထည့်သွင်းလာပါတယ်။ လုပ်ငန်းတည်ထောင်သူဟာ လုပ်ငန်းရဲ့နေ့စဉ်လုပ်ငန်းတွေအပေါ် တာဝန်ယူမှု မရှိတော့ဘဲ မဟာဗျူဟာကျကျစဉ်းစားဆုံးဖြတ်ချက်တွေ ပြုလုပ်ကြပါတယ်။ တတိယအဆင့်မှာတော့ လုပ်ငန်းတည်ထောင်သူဟာ မိမိနဲ့ရင်းနှီးသူတွေကို ပါဝင်ပတ်သက်စေပြီး တစ်ဖက်မှာလည်း ရှေ့နေများ၊ စာရင်းကိုင်များနဲ့ အခြားသော စီးပွားရေးအရ ကျွမ်းကျင်မှုရှိသူတွေကို အသုံးချလာပါတယ်။ တစ်ဖက်မှာလည်း အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ကိုဖွဲ့ပြီး ကော်မတီများ တည်ထောင်လာခဲ့ကြတယ်။ နောက်ဆုံးအဆင့်မှာတော့ အများပိုင်စီးပွားရေးလုပ်ငန်းပုံစံကို ကျင့်သုံးခြင်းဖြစ်တယ်။ ပြင်ပအမှုဆောင်ဒါရိုက်တာများကို ရွေးချယ်ခန့်ထားပြီး ပိုင်ဆိုင်မှုနဲ့ စီမံအုပ်ချုပ်မှုကို ခွဲခြားလာမှုဖြစ်တယ်။ အခုလို တစ်ဆင့်ပြီးတစ်ဆင့် စီမံအုပ်ချုပ်မှုကို မိမိလုပ်ငန်းနဲ့ ကိုက်ညီစေအောင် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ မိသားစုပိုင်စီးပွားရေးလုပ်ငန်းကို စနစ်တကျပြုပြင်ပြောင်းလဲဖို့သင့်ကြောင်း အကြံပြုချင်ပါတယ်။ အခုလိုတင်ပြတဲ့နေရာမှာ မိသားစုပိုင်လုပ်ငန်းကို စွန့်လွှတ်ဖို့တိုက်တွန်းနေတာ မဟုတ်ပါဘူး။ ပိုင်ဆိုင်မှုကို မိသားစုလက်ထဲမှာပဲ ထိန်းသိမ်းပြီး ပိုမိုကျစ်လျစ်ခိုင်မာတဲ့ စီမံအုပ်ချုပ်မှုကို ကျင့်သုံးဖို့ သတိပြုရမှာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမအဆင့်အနေနဲ့ ကျွမ်းကျင်မှုရှိတဲ့ စီမံခန့်ခွဲသူတွေကို တာဝန်ပေးသင့်ပါတယ်။ စီမံခန့်ခွဲမှုလို့ ပြောရာမှာ ဘာသာရပ်မျိုးစုံမှာ ကျွမ်းကျင်လိမ္မာသူတွေကိုခန့်ပြီး သူတို့ကျွမ်းကျင်မှုတွေကို အသုံးချဖို့လိုအပ်ပါတယ်။

မိသားစုစီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးတဲ့အချက်က လုပ်ငန်းအမွေကို ဆက်ခံမယ့်သူတွေကို လျာထားပြီး တာဝန်ပေးသင့်ပါတယ်။ မိမိရဲ့ သားသမီးတွေကို လက်ဆင့်ကမ်းနိုင်အောင် ကြိုတင်စီစဉ်ရမှာဖြစ်တယ်။ အခု ကျွန်တော် သတိပြုမိတဲ့အချက်တစ်ခုက လုပ်ငန်းကြီးတွေမှာ နိုင်ငံခြားမှာပညာသင်ကာ မြန်မာပြည်ကို ပြန်လည်ရောက်ရှိပြီး မိဘရဲ့ လက်ငုပ်လက်ရင်းအလုပ်အကိုင်တွေမှာ ပါဝင်နေကြတာကို ဝမ်းသာစရာတွေ့ရပါတယ်။ နိုင်ငံခြားမှာ ပညာသင်ခဲ့တာမို့ သူတို့ရဲ့အတွေးအမြင်တွေက ကျယ်ကျယ်ပြန့်ပြန့်ရှိကြတယ်။ နောက်ဆုံးပေါ် စီးပွားရေးအမြင်တွေ၊ ပညာတွေရှိကြတယ်။ သူတို့ရဲ့ လုပ်ဆောင်မှုတွေဟာ အလွန်အားရစရာဖြစ်ပါတယ်။ ဒါပေမယ့် အခုလို အခြေအနေများဟာ လုပ်ငန်းကြီးတွေမှာသာ မြင်ရပါတယ်။ အသေးစား၊ အလတ်စားတွေအတွက်လည်း ထည့်သွင်းစဉ်းစားရမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ လုပ်ငန်းအများစုဟာ အသေးစားနဲ့ အလတ်စားဖြစ်ကြသလို မိသားစုပိုင်လုပ်ငန်းတွေလည်း ဖြစ်ကြတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ကျစ်လျစ်ခိုင်မာတဲ့ စီမံအုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်စေချင်ပါတယ်။

မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံကိုလည်း ထည့်တွက်ရမှာ ဖြစ်တယ်။ မြန်မာပြည်မှာ ဘုရင်စနစ်ကို ကျင့်သုံးစဉ်က နန်းဆက်မှုနဲ့ပတ်သက်လို့ အခက်အခဲရှိခဲ့ပါတယ်။ ရှင်ဘုရင်လုပ်သူက နှစ်သက်တဲ့သူကို နန်းလွှဲပေးလို့ရတယ်။ သားအကြီးဆုံးဖြစ်သူကို နန်းပေးရမယ်ဆိုတဲ့ အစဉ်အလာမသတ်မှတ်ထားဘူး။ ဒါကြောင့် ဘုရင်အလိုကျ ထီးနန်းကို လွှဲပေးခွင့်ရှိတယ်။ အင်္ဂလန်နိုင်ငံမှာ ကျင့်သုံးတဲ့ ဘုရင်စနစ်ကတော့ သားကြီးလုပ်သူက နန်းကိုဆက်ခံခွင့်ရှိတယ်။ သားတွေအများကြီးရှိရင် ကြီးစဉ်ငယ်လိုက်တန်းစီထားတယ်။ လက်ရှိ ဘုရင်မကြီး အဲလ်လိဇဘတ် ကွယ်လွန်ခဲ့ရင် သူ့ရဲ့ သားအကြီးဆုံးဖြစ်တဲ့ ချားလ်စ်က နန်းတက်မှာဖြစ်တယ်။ ချားလ်စ်ပြီးရင် ဝီလျံမင်းသားက နန်းတက်မှာဖြစ်ပြီး ဝီလျံပြီးရင် သားကြီးဖြစ်တဲ့ ဂျော့ကဆက်ခံမှာဖြစ်တယ်။ အဘွားကနေမြစ်အထိ နန်းဆက်ကို အစီအစဉ်ဆွဲထားတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုမဖြစ်ခဲ့ဘူး။ ဘုရင်မင်းမြတ်မင်းတုန်းမင်းမှာ သားကြီးတွေ အများကြီးရှိပေမယ့် နန်းဆက်ကို သားငယ်တစ်ဦးဖြစ်တဲ့ သီပေါမင်းသားက ဆက်ခံခဲ့တယ်။

ဒါကြောင့် မိသားစု စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ငန်းကိုဆက်လက်ပြီးတာဝန်ယူမယ့် သူတွေကို ပွင့်လင်းမြင်သာစွာ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ အခုလိုတာဝန်ပေးရာမှာ အောက်ခြေမှစတင်ပြီး အလုပ်တွေနားလည်အောင် အတွေ့အကြုံရအောင် စီစဉ်သင့်တယ်။ လုပ်ငန်းအကြောင်းမသိတဲ့ အတွေ့အကြုံမရှိတဲ့ သူတွေကို လုပ်ငန်းဦးစီးဖို့ တာဝန်ပေးလိုက်ရင် မလိုအပ်တဲ့ အခက်အခဲတွေ ကြုံနိုင်ပါတယ်။ ကျွမ်းကျင်မှုမရှိတာမို့ လုပ်ငန်းအတွက် နစ်နာနိုင်မှာ ဖြစ်တယ်။ မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ အရေးပါမှုကို ကမ္ဘာ့ဘဏ်ကအသိအမှတ်ပြုပြီး စီမံအုပ်ချုပ်မှုဆိုင်ရာ လေ့ကျင့်သင်တန်းများကို ပေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း အခွင့်အရေးရတိုင်း သက်ဆိုင်တဲ့ သင်တန်းတွေကိုပေးလျက်ရှိပါတယ်။ သင်တန်းပေးရုံမက အသိပညာတွေပေးနေပါတယ်။

အခုဆိုရင် နိုင်ငံရေးပြောင်းလဲမှုတွေကြောင့် စီးပွားရေးအခြေအနေတွေဟာလည်း ပြောင်းလဲဖို့လိုအပ်ပါတယ်။ ဒီလိုပြောင်းတဲ့နေရာမှာ စီမံကိန်းတွေကို ရေးဆွဲရုံမက အခြေခံဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုချင်းရဲ့ တိုးတက်အောင်မြင်မှုကိုလည်း အာရုံစိုက်ဖို့အရေးကြီးပါတယ်။ ဒါကြောင့်လည်း မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေ ကြီးထွားအောင်မြင်နိုင်စေဖို့ ဝိုင်းဝန်းအားပေးကြရမှာသာ ဖြစ်ပါတယ်။

## ပန်တိန်း-လမ်းဆုံ ကျောက်ချောလမ်းဖွင့်

**မယ်စဲ့ မတ် ၂၇**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာတွင် (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်တိန်းကျေးရွာ-လမ်းဆုံကျောက်ချောလမ်းဖွင့်ပွဲအား မတ် ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးမိုးအောင်က ကျောက်ချောလမ်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မယ်စဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုင်းဖူးကြည်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ ပန်တိန်းကျေးရွာအုပ်ချုပ်ရေးမှူး(ကိုယ်စား) ဦးလောရင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများမှာ ကျန်းမာရေး၊ပညာရေး၊ လူမှုရေးတို့အတွက် လွန်စွာအထောက်အကူဖြစ်ပြီး သွားလာမှုအဆင်ပြေကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**




## သောက်သုံးရေပြတ်လပ်ပါက ရေလှူဒါန်းမည်

**ရေစကြို မတ် ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်းဒေသဖြစ်သည့်အပြင် ယခုနှစ်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အယ်နီညိုဖြစ်စဉ်နှင့်အတူ ရေခန်းခြောက်ခြင်း၊ သောက်သုံးရေပြတ်လပ်ခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ထိုသို့သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်လာပါက အချိန်နှင့် တစ်ပြေးညီ သွားရောက်လှူဒါန်းနိုင်ရန် ရေစကြိုမြို့ အမှတ်(၇)ရပ်ကွက်နေ ဦးအောင်သန်းဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းဦး(ကံပွင့်နံ့သာတိုင်) မိသားစုက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ဝယ်ယူထားပြီး ကျေးရွာများသို့ ရေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်က အပူပိုင်းဒေသလည်းဖြစ်၊ ဒီနှစ်မှာပိုပြီးပူတော့ ကျေးရွာတွေမှာ သောက်သုံးရေပြတ်လပ်မှုတွေမလွဲမသွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီလို သောက်သုံးရေအခက်အခဲတွေကြုံလာတဲ့အခါ ချက်ချင်းသွားရောက်ကူညီနိုင်ဖို့အတွက် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ဝယ်ထားပါတယ်။ သောက်သုံးရေလိုအပ်နေတဲ့ကျေးရွာတွေက ဖုန်း-၀၉-၇၉၈၃၉၉၉၉ ကို ဆက်သွယ်လိုက်တာနဲ့ အချိန်မရွေးသွားရောက် လှူဒါန်းပေးသွားမှာပါ" ဟု ကံပွင့်မိသားစုက ပြောသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့အဝင်ရှိ ဖားစည်ဆိုင်းဘုတ်ဖွင့်

**ဘားအံ မတ် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့ (သံလွင်တံတား)မြို့အဝင်၌ တည်ဆောက်ပြီးစီးခဲ့သော ဖားစည်ဆိုင်းဘုတ်ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကောက်ခံရရှိသော အခွန်အကောက်အခများဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများဖြစ်သော လမ်း၊ တံတားတည်ဆောက်ရေး၊ မြို့ရေပေးရေးလုပ်ငန်းနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့အဝင်တွင် လှပတင့်တယ်စေရေးအတွက် ဖားစည်ဆိုင်းဘုတ်ကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသနှင့်သက်ဆိုင်သော အထိမ်းအမှတ်သင်္ကေတ၊ ရိုးရာယဉ်ကျေးမှုသင်္ကေတများကို အမြတ်တနိုးဖြင့် မြို့အဝင်များတွင် ခံ့ညားထည်ဝါစွာ ဆောင်ရွက်ထားသကဲ့သို့ ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့တွင်လည်း ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ် ဖားစည်ဆိုင်းဘုတ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြေပြင်မှ အမြင့် ၁၈ ပေခန့်ရှိသော ထောက်တိုင်ပေါ်တွင် စာတမ်းထိုးတြိဂံနှင့် တြိဂံအပေါ်တွင် ဖားစည်အရွယ်အစား ၄ ဒသမ ၅ ပေ၊ ကွဲချိုအပါအဝင် ၅ ဒသမ ၅ ပေရှိသော ဖားစည်ဆိုင်းဘုတ်ကို ကုန်ကျငွေ ကျပ်သိန်း ၂၅၀ ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖားစည်ဆိုင်းဘုတ်ဖွင့်ပွဲတွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်က ဖားစည်ဆိုင်းဘုတ်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းနှင့် ဘားအံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့သည်။

ဖားစည်ဆိုင်းဘုတ်သည်ဖားသုံးကောင်ပါဝင်သောအလွန်ရှေးကျသည့် မင်္ဂလာဖားစည်ဖြစ်ပြီး ရိုးသားခြင်း၊ သည်းခံစိတ်ကြီးခြင်း၊ ရန်မူသော်လည်းပြန်လည်မတုံ့ပြန်ခြင်း၊ ကြောက်စိတ်ကင်းပြီး ရန်သူအပေါ် ခုခံကာကွယ်နိုင်ခြင်း၊ မေတ္တာစိတ်၊ သည်းခံစိတ်၊ ခံနိုင်ရည်ရှိခြင်းတို့နှင့်အတူ ကရင်တိုင်းရင်းသားတို့ အမြတ်တနိုးတန်ဖိုးထားသော၊ ယဉ်ကျေးမှုကို ရှင်သန်နိုးကြားစေသော အထိမ်းအမှတ်သင်္ကေတဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကာကွယ်ရေး ပညာပေးဟောပြော လက်တွေ့မီးငြိမ်းသတ်မှုများ သရုပ်ပြလေ့ကျင့်

**တာချီလိတ် မတ် ၂၇**

တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို ဝမ်လုံးကျေးရွာအုပ်စု သစ်လွင်မိုးစက်သုံးဆီအရောင်းဆိုင်၌ မတ် ၂၅ ရက်က ပြုလုပ်ခဲ့ကြသည်။



မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်သိန်းမြင့်က မီးဘေးလုံခြုံရေး၊ မီးနှင့်ပတ်သက်သည့် အသိပညာ၊ မီးသုံးစွဲရာတွင် သတိမူရမည့်အချက်များ၊ မီးလောင်မှုစတင်ဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ မီးငြိမ်းသတ်မှုစနစ်များစသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး မီးသတ်ပစ္စည်းကိရိယာများမပါရှိဘဲ အရေးပေါ်မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကိုနှင့် ဝန်ထမ်းများက ခေတ်မီ မီးသတ်ပစ္စည်းများဖြင့် မီးငြိမ်းသတ်နည်းများကို ဟောပြောပွဲတက်ရောက်သော တာချီလိတ်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄ ဆိုင်၊ ဝမ်ပုံကျေးရွာမှ သုံးဆိုင်၊ တာလေမြို့ရှိ တစ်ဆိုင်မှ ဆိုင်ရှင်နှင့် ဆိုင်ဝန်ထမ်းများအား လက်တွေ့ရှင်းလင်းပြသပြီး စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များ၊ ဝန်ထမ်းများကလည်း ဆီမီးလောင်မှုတွင် ခေတ်မီ မီးသတ်ပစ္စည်းများဖြင့် စနစ်တကျ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

**ဝေယံလင်း**

# တမူးမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းအောင်မြင် ချေးငွေများ ထပ်မံပေးအပ်

**တမူး မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပေးအပ်လျက်ရှိရာ အဆိုပါ ချေးငွေများ ရယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာများရှိ လုပ်ငန်းများ အဆင်ပြေအောင်မြင်လျက်ရှိကြောင်း တမူးမြို့နယ် ကျေးလက်ဦးစီးဌာနမှ သိရသည်။

"တမူးမြို့နယ် ဟဲဇင်းကျေးရွာမှာ မြစိမ်းရောင်နဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေ အဆင်ပြေအောင်မြင်တဲ့အတွက် မတ်လ တတိယပတ်ထဲမှာ ဒုတိယအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးနဲ့ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူခုနစ်ဦး ပေါင်း ၉၁ ဦးအား ထပ်မံပေးအပ်ခဲ့ပါတယ်"ဟု တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟဲဇင်းကျေးရွာကို မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းက စတင်အကောင်အထည်ဖော်ခဲ့ရာ လက်ရှိအချိန်တွင် သက်တမ်း တစ်နှစ်ပြည့်မြောက်ခဲ့ပြီး ယခုမတ်လကုန်အထိ အတိုး ငွေကျပ် ၅၅ သိန်းကျော် ရရှိခဲ့ပြီးဖြစ်သဖြင့် ဒုတိယအကြိမ်ချေးငွေများ ထပ်မံပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# တရားပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**လယ်ဝေး မတ် ၂၇**

နေပြည်တော် လယ်ဝေးမြို့နယ် ကျွန်းကုန်းကျေးရွာ၌ တပေါင်းလဆန်း ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တရားပွဲနှင့် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ကျင်းပခဲ့ကြောင်း သိရသည်။

တရားပွဲတွင် ဆရာတော်ဦးဝရဉာဏက တပေါင်းလဆန်း ၁၃ ရက်တွင်လည်းကောင်း၊ ဆရာတော် ဦးသိဒ္ဓိဗလက တပေါင်းလဆန်း ၁၄ ရက်တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားကြပြီး မတ် ၂၃ ရက် ညနေပိုင်းတွင် ပင့်သံဃာ အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# သံဖြူဇရပ်မြို့ခုတင် ၅၀ ဆံ့ဆေးရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းဖွင့်

**သံဖြူဇရပ် မတ် ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသော ခုတင် ၅၀ ဆံ့ နှစ်ထပ်ဆောင်သစ်ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ခုတင် ၅၀ ဆံ့ တိုးချဲ့ဆေးရုံ နှစ်ထပ်ဆောင်သစ်ကို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၃၈၁ ဒသမ ၂ သန်းဖြင့် တလမွန်ကုမ္ပဏီက ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသား ၂၅ ခုတင်နှင့် အမျိုးသမီး ၂၅ ခုတင်ဆံ့ တစ်ဆောင်စီ၊ ခွဲစိတ်ခန်းသုံးခန်း၊ သားဖွားခန်းနှစ်ခန်းနှင့် ရေချိုးခန်း၊ ရေလောင်းအိမ်သာများ အပြည့်အစုံပါဝင်သည့် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ဆေးရုံအဆောက်အအုံသစ်ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးချုပ်ဦးအုန်းမြင့်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေကြသည့် လူနာများကို အားပေးစကားပြောကြားခဲ့သည်။

ဆေးရုံသစ်ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အဝေးပြေးယာဉ်ရပ်နားစခန်းကို ဆက်လက်သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးခင်ဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သံဖြူဇရပ်အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ယာဉ်ဂိတ်ခန်း ၂၀ နှင့် ဆိုင်ခန်းပေါင်း ၅၈ ခန်း ပါဝင်ကြောင်း သိရသည်။

**ကျော်ဝင်း(မြို့နယ် ပြန်/ဆက်)**

# နွေရာသီနှင့် ရေချွေတာသုံးစွဲမှု

ဆောင်းပါး - စိန်ကြည်



ရေချွေတာသည့် နည်းစနစ်ဖြင့် စိုက်ပျိုးထားသော နိုင်ငံခြားမှ စိုက်ခင်းတစ်ခု။

ယခု နွေရာသီတွင် အယ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပူပြင်းခြောက်သွေ့မှုနှင့်အတူ သောက်သုံးရေပြတ်လပ်မှုများ တွေ့ကြုံနေရပါသည်။ မြန်မာနိုင်ငံတွင် မိုးမကျမီ ပူပြင်းသော နွေရာသီကို ဆက်လက်ကျော်ဖြတ်ရပေဦးမည်။ မိုးကျကာလအထိ သောက်ရေ၊ သုံးရေများ မပြတ်လပ်စေရန်နှင့် ဖြန့်ဖြူးပေးနိုင်ရန်အတွက် လူတိုင်းသည် ရေကို ခြိုးခြံချွေတာသုံးစွဲတတ်ဖို့ လိုအပ်ပါသည်။ ရေကို ချွေတာသုံးစွဲရာတွင် အိမ်တွင်အသုံးပြုသောရေကို ချွေတာခြင်း၊ စက်မှုသုံးရေကို ချွေတာခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးရေကို ချွေတာခြင်းတို့ဖြင့် ကဏ္ဍအလိုက် ချွေတာသုံးစွဲကြရပါမည်။

**အိမ်တွင်းသုံးရေကို ချွေတာသုံးစွဲမှု**

အိမ်တွင်း တစ်ရက်တာရေသုံးစွဲမှုကို ချွေတာမှုနည်းလမ်းများဖြင့် သတိပြုဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(က) သွားတိုက်ရာတွင် ရေပိုက်ခေါင်းဖွင့်လျက်ဖြင့် သွားတိုက်ပါက ရေကို ဖြုန်းတီးရာရောက်ပါသည်။ သွားတိုက်ရာ၌ ရေကို ပိတ်ထားခြင်း၊ ရေခွက်တွင် ရေထည့်ပြီး သွားတိုက်ခြင်းဖြင့် ရေ ၃ ဒသမ ၃ ဂါလန် (၁၅ လီတာ)ကို ချွေတာသုံးစွဲနိုင်ပါသည်။

(ခ) ရေချိုးရာတွင် ရေပန်းမှ ရေထွက်အားကို အနည်းဆုံးအသုံးပြုနိုင်သော အနေအထားဖြင့်လည်းကောင်း၊ ရေခွက်ဖြင့်ရေချိုးခြင်း၊ ဆပ်ပြာတိုက်နေစဉ် ရေပန်းကို ပိတ်ထားခြင်းဖြင့်လည်းကောင်း ချွေတာသုံးစွဲရပါမည်။ ရေချိုးရာတွင်လည်း ရေတစ်ခွက်ချင်းကို ခန္ဓာကိုယ်ပေါ်တွင် ဖြည်းညင်းစွာ လောင်းချခြင်း၊ ရေချိုးချိန်ကို ၅ မိနစ်အောက် လျှော့ချခြင်းတို့ဖြင့် ရေကို ချွေတာနိုင်ပါသည်။

(ဂ) အိမ်ရှိ ရေပိုက်များ၊ ရေပိုက်ခေါင်းများတွင် ရေယိုစိမ့်မှု ရှိ မရှိ စစ်ဆေးပါ။ ရေပိုက်ခေါင်းမှ ရေတစ်စက်စီ စီးယိုစိမ့်နေပါက တစ်ရက်တွင် ရေစက် ၁၅၄၁၀ စက် ရေတစ်ဂါလန် (၄ ဒသမ ၅ လီတာ) ဆုံးရှုံးမှုရှိပါသည်။

(ဃ) ပန်းကန်များ၊ အိုးခွက်များ ဆေးကြောရာတွင် ရေပိုက်ကို တောက်လျှောက်ဖွင့်မထားရပါ။

(င) ရေအိမ်သာခွက်များတွင် ရေယိုစိမ့်မှု ရှိ မရှိ စစ်ဆေးဆောင်ရွက်ပါ။

(စ) ဟင်းသီးဟင်းရွက်ဆေးသော ရေများကို အပင်ရေလောင်းရာတွင် အသုံးပြုပါ။

(ဆ) အဝတ်လျှော်စက်များတွင် အဝတ်အနည်းငယ်ဖြင့် မလျှော်ဘဲ သတ်မှတ်အဝတ်အရေအတွက် အပြည့်ဖြင့် လျှော်ပါ။

(ဇ) သမံတလင်း၊ ကြမ်းခင်းများ ရေဆေးရာတွင် ရေပိုက်ခေါင်းဖြင့် ရေများစွာအသုံးပြုခြင်းအစား တံမြက်စည်းဖြင့် သန့်ရှင်းရေးကို ဆောင်ရွက်ပါ။

(ဈ) မြက်ခင်းများ၊ သစ်ပင်များ ရေလောင်းရာတွင် ရေပိုက်ခေါင်းဖြင့် မလောင်းဘဲ ရေပန်းများဖြင့် ရေလောင်းခြင်း ဆောင်ရွက်ရပါမည်။

(ည) ကားရေဆေးရာတွင် ရေပိုက်ခေါင်းဖြင့် ရေများစွာ အသုံးပြုခြင်း မလုပ်ဘဲ ရေပန်းများဖြင့် ဆေးကြောမှုဆောင်ရွက်ရပါမည်။

**စက်မှုသုံးရေ ချွေတာမှု**

စက်ရုံ၊ အလုပ်ရုံများတွင် ရေသုံးစွဲမှုနှင့်ပတ်သက်၍ ချွေတာအသုံးပြုနိုင်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ရပါမည်။

(က) စက်ရုံ လေအေးပေးစက်များ၏ Cooling Water အတွက် အသုံးပြုသောရေများကို ရေသန့်အသုံးပြုခြင်းအစား သုံးရေများမှ ပြန်လည်သန့်စင်ထားသောရေများဖြင့် အသုံးပြုရပါမည်။

(ခ) စက်ရုံ အလုပ်ရုံများ မိုးတွင်းအခါတွင် အဆောက်အအုံ ခေါင်မိုးများမှ ကျသောရေများကို ရေကန်၊ အုတ်ကန်များတွင် ထည့်သွင်းသိုလှောင်မှု ဆောင်ရွက်ရပါမည်။

(ဂ) စက်ရုံသုံး စွန့်ပစ်ရေများကို သန့်စင်အောင်ဆောင်ရွက်၍ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ရေကို စိုက်ပျိုးရေးရေအဖြစ် အသုံးပြုခြင်းများ ဆောင်ရွက်ရပါမည်။

(ဃ) စက်ရုံ အတွင်းအပြင်ရေပိုက်များ ရေယိုစိမ့်မှုမရှိအောင် ဆောင်ရွက်ရပါမည်။

(င) မြက်ခင်းများ၊ သစ်ပင်များအတွက် စွန့်ပစ်ရေများဖြင့် ရေလောင်းနိုင်အောင် ဆောင်ရွက်ခြင်း၊ ရေပိုက်ခေါင်းမသုံးဘဲ ရေပန်းဖြင့် ရေလောင်းခြင်းများ ဆောင်ရွက်ရပါမည်။

**စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေချွေတာမှု**

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသန့်များကို မသုံးသင့်ပါ။ စိုက်ပျိုးရေသုံးစွဲရာတွင် ရေချွေတာအသုံးပြုနိုင်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရပါမည်။

(က) ရေနည်းနည်းသာ လောင်းရန်လိုအပ်သောအပင်များကို စိုက်ပျိုးရပါမည်။

(ခ) အပင်များ ရေလောင်းရာတွင် မြေကြီးတွင် အစိုဓာတ်ကြာကြာခံနိုင်ရေးအတွက် နံနက်စောစောအချိန်၊ နေကျချိန်နှင့် ညအချိန်များတွင် ရေလောင်းရပါမည်။

(ဂ) နွေရာသီတွင် အပင်များ၏အခြေတွင် အစိုဓာတ်ထိန်းထားနိုင်ရန်အတွက် ကောက်ရိုးခြောက်၊ မြက်ခြောက်၊ သစ်ရွက်ခြောက်များဖြင့် အပင်အခြေကို ဖုံးအုပ်ထားရပါမည်။

(ဃ) စိုက်ပျိုးသီးနှံများကို ဖန်လုံအိမ်နည်းပညာအသုံးပြု၍ စိုက်ပျိုးရပါမည်။

(င) အိမ်များ၊ စက်ရုံများက စွန့်ပစ်သောရေများဖြင့် စိုက်ပျိုးရေးတွင် အသုံးပြုနိုင်အောင် ဆောင်ရွက်ရပါမည်။

(စ) စိုက်ပျိုးရေအတွက် ရေကန်များ၊ တမံများ ပြုလုပ်၍ မိုးရေများလှောင်ထားခြင်း ဆောင်ရွက်ရပါမည်။

**မြန်မာတို့၏ ရေချွေတာမှုဓလေ့တွင် ဆန်ကို ရေဆေးရာမှရရှိသော ဆန်ဆေးရေများကို ကျွဲ၊ နွားများကို တိုက်ခြင်း၊ ရေချိုးရာတွင်လည်း ရေတစ်ခွက်ချင်းကို ကိုယ်ပေါ်စိုစွတ်မှုရှိအောင် ဖြည်းညင်းစွာလောင်း၍ ချိုးခြင်း၊ ချိုးရေများကို ရေမြောင်းလုပ်၍ အုန်းပင်များ၊ စိုက်ခင်းများသို့ သွယ်တန်းကာ စိုက်ပျိုးရေအဖြစ်. . .**

**အခြားနိုင်ငံတွေ ရေကို ဘယ်လိုသုံးစွဲနေကြသလဲ။**

အမေရိကန် ဆန်ဖရန်ဆစ္စကိုမြို့တွင် ရေသုံးစွဲမှုနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်တွေ မလိုက်နာက အရေးယူကြောင်း၊ မိမိအိမ်ခြံရှေ့ရှိ အပင်တွေကို စည်ပင်သာယာကပဲ ရေလောင်းကြောင်း၊ ပန်းပင်တွေကို ရေလောင်းချင်ရင် လက်ဆေးရေ၊ ဟင်းရွက်ဆေးရေတွေကို ညဘက်လူမမြင်အောင် ထွက်လောင်းရကြောင်း၊ မိမိအိမ်တွင် ကားဆေး၍ မရကြောင်း၊ ကားဆေးသည့် အလုပ်ရုံ၌သာ ကားဆေးရကြောင်း၊ ကားဆေးသည့် အလုပ်ရုံကလည်း မြန်မာပြည်လိုရေပိုက်တွေနဲ့ထိုးပက်ပြီး ကားတစ်စီးအတွက် ရေများစွာမဖြုန်းကြောင်း၊ ရေပန်းလေးနဲ့ ကားကိုယ်ထည်ကို စိုအောင်ဖျန်းပြီး ဆပ်ပြာတိုက်၊ ရေပန်းနဲ့ပြန်ဆေးပြီး လေမှုတ်အခြောက်ခံကြောင်း၊ ကားတစ်စီးကို ၁၀ ဂါလန်ပုံး နှစ်ပုံးခန့်သာ ရေကုန်ကြောင်း သိရပါသည်။

ရေချိုမရရှိသော စင်ကာပူနိုင်ငံသည် မလေးရှားမှရေကို ဝယ်ယူသုံးစွဲနေရသည်။ စင်ကာပူတွင် အသုံးပြုပြီးရေများမှတစ်ဆင့် ရေသန့်ပြန်လည်ထုတ်လုပ်မှုစနစ်ကို ဆောင်ရွက်ထားပါသည်။ ပင်လယ်ရေငန်မှတစ်ဆင့် ရေချိုထုတ်လုပ်မှုစနစ်ကိုလည်း ဆောင်ရွက်နေရသော နိုင်ငံဖြစ်ပါသည်။

ရေရှားပါးသော သဲကန္တာရနိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံတွင် ရေကို ချွေတာသုံးစွဲမှုအနေဖြင့် သစ်ပင်ပန်းပင်များကို ရေလောင်းရာတွင် ရေပိုက်ကလေးများဖြင့် အပင်ခြေများကို ဆက်သွယ်ကာ အပင်အရင်းတွင် ရေထွက်ရန် ရေပိုက်ကို အပေါက်ငယ်ဖောက်ပါသည်။ ညအချိန်ကျမှ ပိုက်တွင် ရေလွှတ်ပေးခြင်းဖြင့် အပင်အရင်းတွင် ရေတိုက်ရိုက်ချပေးသောစနစ်ကို ကျင့်သုံးပါသည်။

ဂျပန်နိုင်ငံတွင် ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စွန့်ပစ်ရေများကို စိုက်ပျိုးရေးတွင် အသုံးပြုလျက်ရှိပါသည်။ နိုင်ငံအချို့တွင် နွေရာသီ ရေရှားပါးကာလ၌ ရေအလွန်အကျွံသုံးစွဲသူများကို ရေခွန်တိုးမြှင့်ကောက်ခံခြင်း ပြုလုပ်ရန်နှင့် ရေချွေတာသုံးစွဲမှုအတွက် ပညာပေး စည်းရုံးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်နေကြပါသည်။

**မြန်မာ့ရိုးရာ ရေချွေတာသုံးစွဲမှု**

မြန်မာတို့၏ ရေချွေတာမှုဓလေ့တွင် ဆန်ကိုရေဆေးရာမှရရှိသော ဆန်ဆေးရေများကို ကျွဲ၊ နွားများကို တိုက်ခြင်း၊ ရေချိုးရာတွင်လည်း ရေတစ်ခွက်ချင်းကို ကိုယ်ပေါ်စိုစွတ်မှုရှိအောင် ဖြည်းညင်းစွာလောင်း၍ ချိုးခြင်း၊ ချိုးရေများကို ရေမြောင်းလုပ်၍ အုန်းပင်များ၊ စိုက်ခင်းများသို့ သွယ်တန်းကာ စိုက်ပျိုးရေအဖြစ် အသုံးပြုခြင်း၊ မိုးတွင်းအခါတွင် အိမ်ခေါင်မိုးကကျသော ရေများကို ရေတလျှောက်ခံ၍ ရေစည်၊ စဉ့်အိုး၊ အုတ်ကန်များဖြင့်ခံကာ သောက်သုံးရေအဖြစ် အသုံးပြုခြင်း၊ နွေရာသီကာလ သောက်ရေအတွက်လည်း သိုလှောင်ထားရှိခြင်းများသည် အတုယူဖွယ်ပင် ဖြစ်ပါသည်။

အချို့တောကျေးရွာများမှ အိမ်များသည် မိုးရေကို ရေစဉ့်အိုး အလုံး ၂၀ ခန့်ဖြင့် အိမ်ခြံစည်းရိုး ပတ်လည်တွင် အဖုံးအုပ်၍ သိုလှောင်ထားကြပြီး နွေရာသီ ရေရှားသောကာလတွင် သောက်သုံးရေ၊ ချက်ပြုတ်ရေများအဖြစ် ချွေတာအသုံးပြုကြပါသည်။ ရေစဉ့်အိုးတစ်လုံးသည် လေး ဂါလန်ဆံ့ရေထမ်းပုံး ၁၂ပုံး၊ ၄၈ ဂါလန် (၂၁၈ လီတာခန့်) ဝင်ဆံ့ပါသည်။ လူတစ်ယောက် သောက်သုံးရေ တစ်နေ့ သုံးလီတာ သောက်သုံးပါက ရေစဉ့်အိုးတစ်လုံးသည် လူတစ်ယောက်အတွက် ၇၂ ရက်စာ အသုံးပြုနိုင်ပါသည်။ စဉ့်အိုး ၁၀ လုံး လှောင်ထားပါက လူတစ်ယောက်အတွက် ၇၂၀ ရက်၊ လူ ငါး ယောက်ရှိသော အိမ်ထောင်စုအတွက် ၁၄၄ ရက်စာ (၅ လ စာခန့်) သောက်သုံးရေအဖြစ် အသုံးပြုနိုင်မည် ဖြစ်ပေသည်။ ထမင်းဟင်းချက်ရေပါ အသုံးပြုပါက ရက် ၁၀၀ ခန့်(၃ လ ကျော်)အသုံးပြုနိုင်ပါသည်။

သစ်ပင်၊ သစ်တောပြုန်းတီးမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု တိုးတက်လာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ နွေရာသီကာလများတွင် ပူပြင်းမှု၊ ရေပြတ်လပ်မှုများ ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ ရေပြတ်လတ်မှု တစ်နှစ်ခံစားပြီးပါက နောက်နှစ်များတွင် ထပ်မံမခံစားရအောင် ကြိုတင်စီမံမှုများ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အဓိကအားဖြင့် “ရေရရှိအောင် စုဆောင်းရမည်၊ ရရှိသောရေကို ခြိုးခြံချွေတာသုံးရမည်” ဖြစ်ပေသည်။

**ကျွန်ုပ်တို့ ရေကို ဘယ်လိုချွေတာကြမလဲ။**

ရေကိုသုံးစွဲရာတွင် ရေဖိုးကျသလောက် ပေးတာပဲ၊ ကိုယ်ကြိုက်သလောက် သုံးတာ ဘာဖြစ်လဲ. . . ဆိုသောသူများလည်း ပြုပြင်ရန်လိုအပ်ပါသည်။ ရေရှားပါးသည့်ကာလတွင် မြို့ရေပေးဝေမှုသည် သောက်ရေသုံးရေအတွက် အဓိက အသုံးပြုရမည်ဖြစ်ရာ အပင်များ၊ မြက်ခင်းများကို စွန့်ပစ်ရေသုံးစနစ်ဖြင့် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ရေရရှိနိုင်သမျှ စုဆောင်းသိုလှောင်ခြင်းများကို လူတိုင်း အသိစိတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရေချွေတာသုံးစွဲမှု နည်းလမ်းများကိုလည်း လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။

လာမည့် ဧပြီလ သင်္ကြန်ကာလတွင်လည်း ရေကစားချိန် အချိန်လျှော့ခြင်း၊ ရေပုံးများ၊ ရေပိုက်ခေါင်းများဖြင့် ပက်ဖျန်းခြင်းအစား ရေပန်းပိုက်များနှင့် ကစားခြင်းဖြင့် ရေကို ချွေတာ၍ သုံးကြရမည် ဖြစ်ပါသည်။

ရေပြတ်လတ်သော နွေရာသီကာလတွင် လူတိုင်း ရေကို ချွေတာသုံးစွဲခြင်းသည် မိမိကောင်းကျိုး အများကောင်းကျိုးအတွက် ငွေကြေးကုန်ကျမှု၊ လုပ်အားစိုက်ထုတ်မှုမပါဘဲ ဆောင်ရွက်နိုင်သော အတ္တဟိတ၊ ပရဟိတ လုပ်ငန်းတစ်ခုပင် ဖြစ်ပါသည်။ ။



ရေချွေတာရန်အတွက် ရေသန့်ဘူးများဆက်ကာ စိုက်ပျိုးသည့် နည်းစနစ်ကို အသုံးပြုထားသော တောင်သာမြို့နယ်အတွင်း ကျေးရွာတစ်ရွာမှ ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ခု။ ဓာတ်ပုံ - လင်းလက်ကြယ်(တောင်သာ)

# ဥရောပ ယူ ၂၁ အုပ်စုပွဲတွေမှာ ပြင်သစ်တို့ အခြေအနေ ကောင်းပါ့မလား

မိုးမြင့်လင်းလက်

**ဥရောပ ယူ ၂၁ ချန်ပီယံရှစ်ပွဲစဉ်တွေရဲ့ အုပ်စုပွဲတွေကို မတ် ၂၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ဖို့ ရှိနေပါတယ်။ အုပ်စုအဆင့်ကနေပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ဖို့အတွက် အခု ပွဲစဉ်ရလဒ်တွေက အရေးပါနေတာမို့ အနိုင်ရလဒ်ကို ဆုပ်ကိုင်နိုင်ရေး အပြင်းအထန်ကြိုးစားလာမယ့် အသင်းတွေလည်းရှိနေပါတယ်။ လူငယ်ကစားသမားတွေဖြစ်တာမို့ ပွဲတိုင်းဟာ အပြန်အလှန် ထိုးဖောက်မှုတွေနဲ့ စိတ်ဝင်စားစရာကောင်းနေဦးမှာ အမှန်ပါပဲ။**



**ပြင်သစ်နဲ့မက်ဆီဒိုးနီးယား**

အုပ်စု (C)မှာ ပြင်သစ်လူငယ်တွေ ငါးပွဲကစားပြီးချိန်မှာ ၁၀မှတ်ရရှိနေပြီး အုပ်စု ထိပ်ဆုံးက အိုက်စလန်နဲ့တစ်မှတ်သာ ကွာပါတယ်။ မက်ဆီဒိုးနီးယားတို့ကတော့ လေးပွဲကစားပြီး ခုနစ်မှတ်ရရှိထားလို့ တတိယနေရာမှာ ရပ်တည်နေတာကြောင့် ပြင်သစ်တို့ ထင်တိုင်းမပေါက်နိုင်ဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှုကို ကြည့်ရင် နှစ်ဂိုးစီသရေပွဲ ဖြစ်ထားပါတယ်။ လောလောဆယ်မှာ ခံစစ်ပိုင်းတူညီပေမယ့် တိုက်စစ်မှာ ပြင်သစ်တို့က အားသာချက်ရှိတာမို့ ဂိုးမပြတ်ပေမယ့် ပြင်သစ်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**ခရိုအေးရှားနဲ့အက်စ်တိုးနီးယား**

အုပ်စု(F)မှာတော့ ခရိုအေးရှားတို့ ငါးပွဲကစား၊ ၁၂ မှတ်ရပြီး အုပ်စု ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အက်စ်တိုးနီးယားတို့ကတော့ ခြောက်ပွဲကစားပြီးချိန်မှာ လေးမှတ်သာရရှိထားပြီး ရုန်းကန်နေရတဲ့ အခြေအနေပါပဲ။ အက်စ်တိုးနီးယားကွင်းမှာ သွားကစားခဲ့တဲ့ ပထမပွဲစဉ်မှာ ခရိုအေးရှားတို့က အဝေးကွင်းဆိုပေမယ့် လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အိမ်ကွင်းမှာ ဂိုးပြတ်သွင်းပြီး ခရိုအေးရှားတို့ အောင်ပွဲခံဦးမှာ ဖြစ်ပါတယ်။

**ဆလိုဗေးနီးယားနှင့် အိုင်ယာလန်**

အုပ်စု(B)မှာ ဆလိုဗေးနီးယားတို့ ခြောက်ပွဲကစား၊ ၁၂ မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အိုင်ယာလန်တို့ကတော့ ငါးပွဲကစားပြီးချိန်မှာ ကိုးမှတ်နဲ့ တတိယနေရာမှာရှိနေတာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဒါပေမယ့် ဆလိုဗေးနီးယားတို့က တိုက်စစ်တက်ပြီး ဂိုးသွင်းအားလည်းကောင်းတဲ့အပြင် ခံစစ်ပိုင်းကလည်း ပြိုင်ဘက်တိုက်စစ်မှူးတွေကို ထိန်းချုပ်နိုင်ပါတယ်။ ဒီပွဲမှာ အိုင်ယာလန်တို့က ခံစစ်အားကောင်းကောင်းနဲ့ ပိတ်ဆို့ကစားမှာ ဖြစ်ပေမယ့် ဆလိုဗေးနီးယား တိုက်စစ်မှူးတွေရဲ့ ကျော်ဖြတ်ဂိုးသွင်းမှုတွေ ကြုံတွေ့ရပါလိမ့်မယ်။

**ဂရိနှင့်အစ္စရေး**

အုပ်စု(D)မှာ ဂရိတို့လည်း လေးပွဲကစားပြီး ခြောက်မှတ်ရထားသလို အစ္စရေးတို့ကတော့ လေးပွဲကစား၊ ခုနစ်မှတ်ရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့ တိုက်စစ် ခံစစ်ပိုင်းအားထည့်မှုက စွမ်းရည်တူနေတာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဂရိရဲ့ လောလောဆယ်ပွဲကစားခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင် လက်ချင်စတိန်းကို ငါးဂိုး ပြတ်နိုင်ပြီး ဟန်ဂေရီကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ အစ္စရေးတို့ကတော့ ဟန်ဂေရီကို သုံးဂိုးပြတ်နိုင်ပြီး ပေါ်တူဂီကိုတော့ သုံးဂိုးပြတ်ရှုံးထားပါတယ်။ ဒီပွဲမှာ အနိုင်ရတဲ့အသင်းက အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်နိုင်တာမို့ နှစ်သင်းစလုံးနိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။

**ဘယ်လ်ဂျီယံနှင့်မွန်တီနီဂရိုး**

အုပ်စု(A) မှာ ဘယ်လ်ဂျီယံက လေးပွဲကစား ကိုးမှတ်ရရှိနေပြီး မွန်တီနီဂရိုး တို့ကလည်း ငါးပွဲကစား၊ ခြောက်မှတ်ရရှိထားပါတယ်။ ဘယ်လ်ဂျီယံတို့က တိုက်စစ်မကောင်းပေမယ့် ခံစစ်လုံခြုံတဲ့အသင်းဖြစ်ပြီး မွန်တီနီဂရိုးတို့ကတော့ ခံစစ်အားနည်းတဲ့အသင်း ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံတို့က ဒီပွဲမှာ အနိမ့်ဆုံး သရေတစ်မှတ်ရရင် တောင် အုပ်စု ဒုတိယနဲ့နောက်တစ်ဆင့် တက်နိုင်ဖို့ အခွင့်အရေးရသွားပြီဖြစ်တာမို့ ဘယ်လ်ဂျီယံဟာ ဒီပွဲကို အနိုင် သို့မဟုတ် သရေရအောင် အားထုတ်ပါလိမ့်မယ်။

**အယ်လ်ဗေးနီးယားနှင့်ဟန်ဂေရီ**

အုပ်စု(D)မှာ အယ်လ်ဗေးနီးယားတို့က ခြောက်ပွဲကစား၊ ရှစ်မှတ်ရရှိထားပြီး ဟန်ဂေရီတို့ကတော့ ငါးပွဲကစား၊ ခုနစ်မှတ်နဲ့ စတုတ္ထနေရာမှာရှိနေပါတယ်။ အယ်လ်ဘေးနီးယားတို့ရဲ့ ဆိုးရွားတဲ့ ခံစစ်ပိုင်းကို မပြင်နိုင်ရင်တော့ ဟန်ဂေရီတိုက်စစ်မှူးတွေ အကြိုက်တွေ့ပြီး ဂိုးသွင်းမှုတွေကို ခွင့်ပြုရပါလိမ့်မယ်။ အမှတ်ပြည့်ရမှုဖြစ်မယ့် ဟန်ဂေရီတို့ အောင်ပွဲခံပါလိမ့်မယ်။ ။



## တံခေါက်ကြောဒဏ်ရာကြောင့် အင်္ဂလန်နှင့်ပွဲတွင် ဟော်လန်အသင်းခေါင်းဆောင် စနိုက်ဒါ မပါနိုင်

ဟော်လန်နာမည်ကြီး ကစားသမား ဝက်စလေစနိုက်ဒါဟာ အင်္ဂလန်နဲ့ ဝင်ဘလေကွင်းမှာ ကစားမယ့် ချစ်ကြည်ရေးပွဲမှာ လွဲချော်ဖို့ ရှိပါတယ်။ ဟော်လန်အသင်းဟာ ပြင်သစ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ရှုံးနိမ့်သွားတဲ့ပွဲမှာ အသက် ၃၁ နှစ်အရွယ် ရှိပြီဖြစ်တဲ့ စနိုက်ဒါဟာ တံခေါက်ကြောထိခိုက်ဒဏ်ရာရသွားတဲ့အတွက် ပြိုင်ပွဲ နဲ့ လွဲချော်ဖို့ ရှိပါတယ်။ ပြင်သစ်နဲ့ ကစားတဲ့ ဒီပွဲမှာ စနိုက်ဒါဟာ ပွဲချိန် ၃၆ မိနစ်မှာ ပြိုင်ပွဲမှ ထွက်သွားခဲ့ရပါတယ်။ ဟော်လန်အသင်းခေါင်းဆောင် စနိုက်ဒါဟာ ဟော်လန်အသင်းမှာ အဓိက ဝါရင့်ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ဟော်လန်အသင်းနဲ့ အင်္ဂလန်အသင်းတို့ဟာ အင်္ဂါနေ့ ညပိုင်းမှာ ဝင်ဘလေကွင်းကြီးမှာ ချစ်ကြည်ရေးပွဲကစားကြမှာ ဖြစ်ပါတယ်။ ဟော်လန်အသင်းမှာ အာဂျင်ရော်ဘင်လည်း ဒဏ်ရာရထားပါတယ်။ ဗန်ပါစီ၊ ဒီဂျုံးနဲ့ ဗန်ဒါဘတ်တို့က ဦးဆောင်ကစားဖွယ်ရှိပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ကိုပါနဲ့ အိုလံပစ်မှာ အကောင်းဆုံးကစားသမားဖြစ်လိုတဲ့ နေမာ

ဘရာဇီး ကြယ်တစ်ပွင့်ဖြစ်တဲ့ နေမာက လာမယ့် ကိုပါအမေရိကဖလားနဲ့ ရီယိုအိုလံပစ်အားကစားပြိုင်ပွဲမှာ ဘရာဇီးကို ကိုယ်စားပြုပြီး အကောင်းဆုံးကစားသမားဖြစ်လိုတယ်လို့ ပြောဆိုလိုက်ပါတယ်။ ဘရာဇီးအသင်းဟာ ဇွန် ၄ ရက်မှ စတင် ကစားမယ့် ကိုပါအမေရိကဖလားကို ယှဉ်ပြိုင်မယ့် အသင်းဖြစ်ပါတယ်။ ကိုပါအမေရိကဖလားပွဲအပြီး တစ်လခန့်အကြာ ဘရာဇီးနိုင်ငံမှာ ရီယိုအိုလံပစ်အားကစားပြိုင်ပွဲကြီး ကျင်းပဖို့ရှိပါတယ်။ စူပါစတား နေမာဟာ ဒီပြိုင်ပွဲနှစ်ရပ်စလုံးမှာ နိုင်ငံကို ကိုယ်စားပြုပြီး အကောင်းဆုံးကစားသမားဖြစ်အောင် ကစားသွားမယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ နေမာဟာ နိုင်ငံအသင်းဖြစ်တဲ့ ဘရာဇီးအသင်းမှာရော စပိန်ထိပ်သီး ဘာစီလိုနာအသင်းမှာပါ အောင်မြင်နေတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုပါအမေရိကဖလားနဲ့ အိုလံပစ်မှာ အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဘရာဇီးအသင်းဟာ အဓိကပြိုင်ဘက်တွေအဖြစ် ဥရုဂွေး၊ ပါရာဂွေး အသင်းတွေနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။





## ရွန်းနေနဲ့ ဟယ်ရီကိန်း ဘယ်သူ့ကိုရွေးမလဲ

အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆင်အနေနဲ့ တိုက်စစ်ကို အကောင်းဆုံး ပြင်ဆင်ရာမှာ ရွန်းနေနဲ့ ဟယ်ရီကိန်းကို တစ်သင်းတည်း ကစားဖို့ သူ့အနေနဲ့ ယုံကြည်မထားဘူးလို့ ဆိုပါတယ်။ သူတို့နှစ်ဦးရဲ့ ကစားပုံအနေအထားအရ အကောင်းဆုံးတိုက်စစ်ကို ဖန်တီးနိုင်မှာ မဟုတ်ဘူးလို့ လီဗာပူးနဲ့ နယူးကာဆယ်ကွင်းလယ်ကစားသမားဟောင်း ဟာမန်က သတိပေးပြောဆိုလိုက်ပါတယ်။ ဟယ်ရီကိန်းဟာ ဒီနှစ်စပါးအသင်းအတွက် ပရီမီယာလိဂ်မှာ ၂၁ ဂိုးသွင်းယူထားတာပါ။ ထို့အတူ ရွန်းနေဟာလည်း အင်္ဂလန်အသင်းရဲ့ စံချိန်တင် ဂိုးသွင်းယူထားတာဖြစ်ပါတယ်။ အင်္ဂလန်နဲ့ ဟော်လန်အသင်းတို့ဟာ လာမယ့် အင်္ဂါနေ့မှာ ချစ်ကြည်ရေးပွဲကစားဖို့ ရှိနေပါတယ်။ ဒီပွဲဟာ ချစ်ကြည်ရေးပွဲဖြစ်သော်လည်း စိတ်ဝင်စားစရာပြိုင်ပွဲတွေထဲက တစ်ပွဲဖြစ်တယ်လို့ ဆိုပါတယ်။ နည်းပြ ရွိုင်းဟော့ဆင်ကတော့ သူတို့နှစ်ယောက်စလုံးကို ဘယ်လိုပွဲထုတ်မယ်ဆိုတာကို စောင့်ကြည့်မယ့်အနေအထားပါ။ နှစ်ယောက်စလုံးက ခြေစွမ်းကောင်းနေတဲ့ ကစားသမားတွေဖြစ်နေတာကြောင့် စဉ်းစားရခက်နေပါတယ်။

## ကျေးရွာချင်းဆက်ကျောက်ချောလမ်းသစ် ဖွင့်လှစ်

**သာစည် မတ် ၂၇**

သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရွာမွန်သာ-သမန်းကျား-မြေစို-မုံတော-မောင်းမဆည်-ထနောင်းကန် ကျေးရွာချင်းဆက်လမ်းပိုင်း ကျောက်ချောလမ်းသစ်အဖြစ် တိုးမြှင့်ဖွင့်ပွဲကို (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

ကျောက်ချောလမ်းဖွင့်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းညွန့်ဦးက ကျောက်ချောလမ်းသစ် ခင်းကျင်းဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်သည် အရှည် ၇ မိုင် ၃ ဖာလုံ ရှိပြီး စုစုပေါင်းကျပ်သန်း ၂၀၀ ကျော်ဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

## ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်း

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၉)ရပ်ကွက် ကိုးသုံးလုံးကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့သော ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာ အခြေခံသင်တန်းဆင်းပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဘက်စုံယဉ်ကျေးလိမ္မာအထူးဆု၊ အငယ်တန်း ယဉ်ကျေးလိမ္မာဆုများ၊ အကြီးတန်း ယဉ်ကျေးလိမ္မာဆုများ၊ မြန်မာစာ၊ အဘိဓမ္မာဆုများကို ရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ယဉ်ကျေးလိမ္မာမှုရှိပြီး ပတ်ဝန်းကျင်နှင့် ဆက်ဆံတတ်စေရန်၊ အင်္ဂလိပ်စာ အခြေခံသဒ္ဒါနှင့် အရေး၊ အဖတ်၊ အပြောတို့ကို နားလည်တတ်ကျွမ်းစေရန် သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သင်ကြားစီမံဆရာတော် ဦးသီလာစာရက မိန့်ကြားသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# ဒေသခံပြည်သူများအတွက်အကျိုးပြုမည့် ရေလှောင်တမံနှစ်ခုဖွင့်လှစ်

**ဆိပ်ဖြူ မတ် ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မင်းချမ်းကျေးရွာအနီးရှိ အင်းဘတ်ရေလှောင်တမံနှင့်မကျီးစုကျေးရွာမှ ညောင်ပင်ကြီး ရေလှောင်တမံများ ဖွင့်ပွဲနှင့် ဒေသခံဆည်တမံကော်မတီများထံ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

ဆိပ်ဖြူမြို့နယ် မင်းချမ်းကျေးရွာအနီးရှိ အင်းဘတ်ရေလှောင်တမံနှင့် မကျီးစုကျေးရွာမှ ညောင်ပင်ကြီး ရေလှောင်တမံများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အင်းဘတ်တမံနှင့် ညောင်ပင်ကြီး တမံများသည် ယခင်က ကျေးရွာမှ ဘုန်းတော်ကြီးများက ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ကြသည့် တမံများဖြစ်ပြီး စိုက်ပျိုးရေ အသင့်အတင့်ကိုသာ ရယူသုံးစွဲနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ တင်ပြတောင်းခံချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ရေလှောင်တမံများကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့်တမံများ တည်ဆောက်လိုက်သည့်အတွက် ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အင်းဘတ်ရေလှောင်တမံ ဖွင့်ပွဲတွင် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အမှာစကားပြောကြားကာ ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အေးက တမံတည်ဆောက်ခြင်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကာ ညောင်ပင်ကြီး ရေလှောင်တမံသို့ ဆက်လက်ထွက်ခွာခဲ့ပြီး တမံတည်ဆောက်ထားရှိမှုကိုကြည့်ရှု၍ အင်းဘတ်တမံနှင့် ညောင်ပင်ကြီးတမံများကို ဒေသခံ ဆည်တမံကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက တမံနှစ်ခုကို ဒေသခံ ကော်မတီများအနေဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားခဲ့သည်။

အင်းဘတ်ရေလှောင်တမံကို ကျပ် ၂၉၅ သန်းဖြင့် တည်ဆောက်ပေးခဲ့ပြီး ရေလှောင်နိုင်မှုပမာဏ ၅၇၃ ဧကပေ၊ အကျိုးပြုလယ်မြေ ဧက ၂၀၀ ရှိသည်။ ညောင်ပင်ကြီး ရေလှောင်တမံကို ကျပ်သန်းပေါင်း ၃၁၀ ဖြင့် တည်ဆောက်ခဲ့ကာ ရေသိုလှောင်နိုင်မှု ပမာဏ ၆၆၁ ဧကပေ၊ အကျိုးပြုလယ်မြေ ဧက ၁၅၀ ရှိကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**




## တေးသီချင်းအသုံးပြုခွင့်(မူပိုင်ခွင့်)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၇၇/E)၊ ပထမထပ်(**Myanmar Event Park**) ရှေ့တွင်တည်ရှိသော မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်း (**Myanmar Performance Rights Organization**) (အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ် အမှတ်နံပါတ်-၁/ပြည်တွင်း/၀၀၂၀) အဖွဲ့ဝင်များဖြစ်ကြသော တေးရေးသူများ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြေညာအပ်ပါသည်။

အောက်ပါအမည်ဖော်ပြထားသော တေးရေးသူများရေးသားပိုင်ဆိုင်သည့် တေးသီချင်းများ၏သံစဉ်ကိုဖြစ်စေ၊ စာသားကိုဖြစ်စေ၊ သံစဉ်နှင့်စာသားနှစ်မျိုးလုံးကိုဖြစ်စေ၊ ခေတ်မီတိုးတက်လာသော တေးသီချင်း အသုံးပြုမှုများဖြစ်သည့် စင်တင်ဖျော်ဖြေခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်း၊ Online ရောင်းဝယ်ဖြန့်ချိခြင်း၊ Telephone, Ring Tunes, Ring Tonesအဖြစ် အသုံးပြုခြင်း၊ ကာရာအိုကေအဖြစ် စီးပွားဖြစ်သုံးစွဲခြင်း၊ ရန်ပုံငွေပွဲ၊ **သင်္ကြန်ဖျော်ဖြေပွဲ**၊ ဇာတ်ပွဲ၊ ပြည်ပဖျော်ဖြေပွဲ တို့တွင်အသုံးပြုခြင်း၊ အခြားနည်းလမ်းတစ်စုံတစ်ရာဖြင့် စီးပွားဖြစ် သုံးစွဲခြင်းတို့ကိုပြုလုပ်မည်ဆိုပါက **Myanmar PRO** အဖွဲ့ရုံး ဖုန်း-၀၉-၂၆၀၆၉၁၆၀၀ထံသို့ ကြိုတင်၍ လိုအပ်သော ညှိနှိုင်းဆောင်ရွက်သဘောတူခွင့်ပြုချက်ရရှိပြီးမှသာ တေးသီချင်းများကို အသုံးပြုကြပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**Myanmar Performance Rights Organization(Myanmar PRO)**

(၁) စိုင်းခမ်းလိတ်၊ (၂) သုခမိန်လှိုင်၊ (၃) ဝင်းမင်းထွေး၊ (၄) မင်းချစ်သူ၊ (၅) မြင့်မိုးအောင်၊ (၆) ရွှေဂျော်ဂျော်၊ (၇) ညီညီသွင်၊ (၈) နောင်နောင်(S.F)၊ (၉) စောခူဆဲ၊ (၁၀) ဇဝါ၊ (၁၁) Rခိုင်၊ (၁၂) ပုသိမ်မောင်စိမ်းသူ၊ (၁၃) မောင်ဆွေနွယ်၊ (၁၄) စောဘွဲ့မှူး၊ (၁၅) ထူးအိမ်သင်၊ (၁၆) ကေအေတီ၊ (၁၇) ရယ်ဂျီ၊ (၁၈) သော်ဒီဝေ၊ (၁၉) စောလင်းမိုး၊ (၂၀) ကောင်းဇော်၊ (၂၁) မိုးမင်းအိမ်၊ (၂၂) ညီညီစံ၊ (၂၃) နေဒီလင်း၊ (၂၄) မောင်ဇော်သစ်၊ (၂၅) သက်ဝင်းအောင်၊ (၂၆) ဆလိုင်း၊ (၂၇) စိုးလွင်လွင်၊ (၂၈) သန်းမောင်(စစ်တွေ)၊ (၂၉) စတုန်း၊ (၃၀) မျိုးသိခ်၊ (၃၁) ယံယံ၊ (၃၂) ဆဲလ်၊ (၃၃) လူမောင်(ဆေး/၁)၊ (၃၄) စောရန်နိုင်၊ (၃၅) အယ်ဖြူ၊ (၃၆) ကလိုမှူး၊ (၃၇) ဖိုးခွားတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတက်ဝင်းမြိုင် B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(၁၉၅၃/၈၀)**

**ဦးတင်မောင်ဝင်း B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(၁၉၁၆/၈၀)**

**Law Office of WYNN & WIN**
**အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်း(ဘီ-၅)၊ ၃၅လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၇၉၇၀၇၇၊ ၀၉-၅၁၇၁၁၃၈**

**ဦးနေလင်း ၁၂/မကတ(နိုင်)၀၈၆၇၀၄ နှင့် ဒေါ်နီနီမွန် ၇/ကကန(နိုင်)၀၄၄၃၇၁တို့**

### သိစေရန်ကြေညာချက်

ဦးနေလင်းနှင့် ဒေါ်နီနီမွန်တို့ ဇနီးမောင်နှံတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံမှ မိမိတို့ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ၃၀-၁-၂၀၁၄ ရက်တွင် ငွေကျပ် ၁၀၀၀၀၀၀၀ိ/-(ကျပ်သိန်း တစ်ရာတိတိ)ကိုလည်းကောင်း၊ ၂၀-၉-၂၀၁၄ ရက်တွင် ငွေကျပ် ၇၀၀၀၀၀၀ိ/-(ကျပ်သိန်း ခုနစ်ဆယ်တိတိ)ကိုလည်းကောင်း အသီးသီးရယူခဲ့သော်လည်း အဆိုပါငွေကြေးများအား လုံးဝပြန်လည်ပေးအပ်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ခုနစ်ရက်အတွင်း ဒေါ်နော်သက်သက်ထွေးထံသို့ ဦးနေလင်းနှင့် ဒေါ်နီနီမွန်တို့မှ ကိုယ်တိုင်လာရောက်၍ ဖြေရှင်းပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ် ၅၆၁၊ M.A.C Tower၊ အခန်း ၃၀၂၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ထက်ထက်နန္ဒီအောင်၏ PASSPORT (No.မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၅၆၈၈၈၈၊ ၀၉-၅၅၅၈၈၈၈**

**ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈လမ်း၊ အမှတ် ၅၅ (တစ်ထပ်အဆောက်အအုံ)/မြေနှင့်ပတ်သက်၍ ရှင်းလင်းသတိပေးတားမြစ်ခြင်းကို**

### သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ဦးလှမြင့်(ခ) မိုဟာမက်မူဆာအာရစ်(ဖ်) ၁၂/ကတတ(နိုင်)၀၂၄၅၀၀သည် အထက်ခေါင်းစဉ်ပါ အခိုင်အမာတည်ရှိသော တစ်ထပ်အဆောက်အအုံနှင့် မြေ၏ပိုင်ဆိုင်စီမံခန့်ခွဲသူ ပိုင်ရှင်တစ်ဦးဖြစ်ပါသည်။

ဦးစံလင်း(ခ)မာမတ်စလင်သည် နေထိုင်ခွင့်အတွက် ငှားရမ်းခကြီးကြပ်ရေးဝန်သို့ ငှားရမ်းခပေးသွင်းနေသော အိမ်ငှားတစ်ဦးသာဖြစ်၍ မြေနှင့်အဆောက်အအုံပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခြင်းအလျှင်းမရှိပါ။

အထက်ဖော်ပြပါ အဆောက်အအုံနှင့် ၎င်းပါဝင်တည်ရှိသော မြေတိုင်းရပ်ကွက်အမှတ် 14F၊ မြေကွက်အမှတ် Eastern ½ of I Class 15 မြေသည် ဦးလှမြင့်၏ ဖခင်ဟာဂျီမူဆာကိုလန်အာရစ်(ဖ်)အမည်ပေါက် တည်ရှိသော မြေပိုင်မြေအမျိုးအစားဖြစ်ပြီး ၎င်းကိုယ်တိုင်နှင့် ၎င်း၏မိဘနှစ်ပါး အပါအဝင် အမွေဆက်ခံသားသမီးမြေးမြစ်များသည် မြန်မာနိုင်ငံသားများ ဖြစ်ကြပါ၍ အမည်ပေါက်ပိုင်ရှင်နှင့် အမွေဆက်ခံပိုင်ရှင်သာရှိပြီး၊ မူလပိုင်ရှင်/နောက်ပိုင်ရှင်ဟူ၍ မရှိပါ။

တရားရုံးချုပ်အမိန့်၊ တိုင်းတရားရုံးအမိန့်များအရ ဦးလှမြင့်သည် မြေအမည်ပေါက်ပိုင်ရှင်၏ အမွေဆက်ခံအကျိုးသက်ဆိုင်စီမံခန့်ခွဲခွင့်ရှိသူ ပိုင်ရှင်တစ်ဦးဖြစ်၍ ၎င်း၏သဘောတူညီခွင့်ပြုချက်မပါရှိသော မြေအမည်ပေါက်ပြောင်းခြင်း၊ မြေတိုင်းတာခြင်း၊ မြေခွဲစိတ်ခြင်း၊ မြေကြီးမြေပုံလျှောက်ထားခြင်းနှင့် အဆောက်အအုံ၏ မူလပုံစံကို ချိုးဖဲ့ပြုပြင်ခြင်းများ၊ အထပ်မြှင့်တင်ခြင်း၊ အထပ်ခိုးပြုလုပ်ခြင်း အစရှိသည့် ၎င်းအဆောက်အအုံ/မြေနှင့်ပတ်သက်၍ မည်သည့်လုပ်ဆောင်ချက်ကိုမဆို မပြုလုပ်ရန် သက်ဆိုင်ရာဌာနများမှ ခွင့်ပြုချက်မပေးပါရန် ရှင်းလင်းတားမြစ်ပါကြောင်းနှင့် အထက်ပါပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေရန် ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ဖြစ်စေနှင့် ရှေ့နေ၊ အကျိုးဆောင်၊ အသင်းအဖွဲ့၊ ကုမ္ပဏီများအစရှိသည်များက မပြုလုပ်ကြပါရန် ရှင်းလင်းသတိပေး တားမြစ်လိုက်ပါသည်။ ဖော်ပြပါပိုင်ရှင်၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးစေသော ဖုံးကွယ်၍ နောက်ကွယ်က လုပ်ဆောင်ချက်များကို ဖော်ထုတ်ပေါ်ပေါက်ချက်များအရ လိုအပ်သလို အရေးဆိုတိုင်တန်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူကိုယ်စား**
**ဦးသိန်းအောင် (H.I.M.ARIFF)**
**၁၂/ကတတ(နိုင်)၀၂၄၅၅၆**
**ဖုန်း-၀၉-၅၁၂၅၉၇၇**

KBZ BANK
STRENGTH OF MYANMAR

KBZSC

# ကျေးဇူးဥပကာရလှိုက်လှဲစွာတင်ရှိခြင်း

- မြန်မာနိုင်ငံ ငွေကြေးကဏ္ဍ၏ သမိုင်းတွင်နေ့ တစ်နေ့ဖြစ်သည့် ရန်ကုန်စတော့ အိတ်ချိန်း၌ စတော့ရှယ်ယာများ စတင်ရောင်းဝယ်သည့် ၂၅.၃.၂၀၁၆ ရက်နေ့တွင် KBZSC ငွေချေးသက်သေခံကုမ္ပဏီ ရုံးချုပ်တည်ရှိရာ Strand Square သို့ ပူပြင်းသည့်ရာသီဥတု၌ပင် ကိုယ်တိုင်လာရောက်၍ ရုံးတွင်း၊ ရုံးပြင် ပြည့်လျှံအောင် ယုံကြည်အားပေးခဲ့ကြသော ရင်းနှီးမြှုပ်နှံသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

- ရန်ကုန်စတော့အိတ်ချိန်းတွင် Fund Settlement Bank အဖြစ် ရွေးချယ်ခံရသော ကမ္ဘောဇဘဏ် အနေဖြင့်လည်း ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ ငွေကြေးလွှဲပြောင်းမှုများကို ချောမွေ့ မှန်ကန်၊ မြန်ဆန်စွာဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

- ယခုရှယ်ယာရောင်းချမှုများ မပြုလုပ်မီက စတော့ရှယ်ယာရောင်းဝယ်လိုသူများ ဗဟုသုတရရှိစေရန် ရည်ရွယ်လျက် KBZSC မှ ကျင်းပပေးခဲ့သည့် ဆွေးနွေးပွဲများသို့ စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးခဲ့ကြသူများ အားလုံးနှင့် Securities Trading Accounts ဖွင့်လှစ်ခဲ့ကြသည့် ထောင်ပေါင်းများစွာသော ရင်းနှီးမြှုပ်နှံသူများအား KBZSC မှ လူကြီးမင်းတို့၏ ယုံကြည်မှု၊ အားပေးမှုတို့အပေါ် ကျေးဇူးဥပကာရ အထူးပင် တင်ရှိပါကြောင်းနှင့် နောင်တွင်လည်း ပိုမိုပြည့်စုံသော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးသွားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

- Securities Trading Account မရှိသေးသူများအနေဖြင့် စာရင်းဖွင့်လှစ်လိုပါက KBZSC ရုံးချုပ်နှင့် KBZ Bank ၏ သတ်မှတ်ထားသော ဘဏ်ခွဲများ၌ စီစဉ်ပေးထားပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မူရင်းများ ယူဆောင်လျက် ကြွရောက်နိုင်ပါကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

- လူကြီးမင်းတို့အနေဖြင့် စတော့ရှယ်ယာ ရောင်းဝယ်ခြင်း၌ အကျိုးအမြတ်ဖြစ်ထွန်း အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

KBZ BANK
STRENGTH OF MYANMAR

KBZSC

**Chairman and Board of Directors**
**KBZ Bank and KBZSC Securities**


အကောင်းဆုံး ဖုန်းအသစ်များနှင့်
တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့
• ဆင်းမ်နှစ်ကဒ်သုံး
• ကျယ်ပြန့်သော မျက်နှာပြင်
ooredoo
G9
၂၀,၀၀၀ ကျပ်
တစ်နှစ်အာမခံ
Smart9
၃၀,၀၀၀ ကျပ်
တစ်နှစ်အာမခံ
Smart10
၃၀,၀၀၀ ကျပ်
တစ်နှစ်အာမခံ
3G & 2G စွမ်းဆောင်ရည်
2.4 လက်မ မျက်နှာပြင်
0.3 MP ကင်မရာ
ဘက်ထရီ 1000 mAh
ဆင်းမ်ကဒ်နှစ်ကဒ်သုံး
3G စွမ်းဆောင်ရည်
Android
2 MP ကင်မရာ
ဘက်ထရီ 1400 mAh
MP3 သီချင်း
ဆင်းမ်ကဒ်နှစ်ကဒ်သုံး
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျတ်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုအခက်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
85% 17:53
lotayamm.com
MORE
လိုတရ
35 ရန်ကုန်
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
Back
Forward
Home
Bookmarks
Tabs
ခေတ်မီတဲ့နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
ဂိုးးးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြုံးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | ပညာအရည်အချင်းလိုအပ်ချက် |
|---|---|---|---|
| (၁) | မြို့ပြအင်ဂျင်နီယာ | (က) Post-Graduate Diploma (Structural Engineering) | B.E(Civil) |
| | | (ခ) Post-Graduate Diploma (Water Resources Engineering) | B.E(Civil) |
| | | (ဂ) Post-Graduate Diploma (Environmental Engineering) | B.E(Civil/Chemical) |
| | | (ဃ) Post-Graduate Diploma (Environmental Planning and Management) | All B.E/B.Arch/M.B.,B.S/B.D.S/ M.Sc(Chem)/M.Sc(IC)/ M.Sc(Zoo)/ M.Sc(Marine Biology)/ B.Sc(Forestry/B.Agr.Sc) |
| | | (င) Post-Graduate Diploma (Geotechnical Engineering) | B.E(Civil) |
| | | (စ) Post-Graduate Diploma (Transportation Engineering) | B.E(Civil) |
| | | (ဆ) Post-Graduate Diploma (Construction Management Engineering) | B.E(Civil) |
| (၂) | စက်မှုအင်ဂျင်နီယာ | (က) Post-Graduate Diploma (Renewable Energy Engineering) | All B.E |
| | | (ခ) Post-Graduate Diploma (Industrial Engineering) | All B.E |
| (၃) | လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ | Post-Graduate Diploma (Renewable Energy Systems) | B.E(EP, EC) |
| (၄) | အီလက်ထရွန်နစ် အင်ဂျင်နီယာ | Post-Graduate Diploma(Electronic and Communication Engineering) | B.E(EC) |
| (၅) | မက္ကာထရွန်နစ် အင်ဂျင်နီယာ | Post-Graduate Diploma (Biomedical Engineering) | B.E(IT, EC, Mech, McE, EP)/ M.S(Engg: Phys)/ M.Sc(Phys, Specialization in Electronics)/ Bachelor of Medical Technology(B.Med.Tech)/ သက်ဆိုင်ရာလုပ်ငန်းတွင် လုပ်သက်(၃)နှစ်ရှိပြီးသောB.Sc(Phys) (Hons) |
| (၆) | ဓာတုအင်ဂျင်နီယာ | Post-Graduate Diploma(Food Technology) | B.E(Chemical)/M.B.,B.S/B.V.S/B.Ag/ B.Pharm/B.Med.Tech ဘွဲ့ရရှိသူများ၊ အစားအာဟာရဆိုင်ရာလုပ်ငန်းတွင်လုပ်သက်(၃)နှစ်ရှိပြီးသော B.Sc(IC, Chy, Zoo, Bot)/ B.S(BioT.) ဘွဲ့/အလားတူဘွဲ့ရရှိထားသူများ |
| (၇) | ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ | Post-Graduate Diploma(Textile Finishing Technology) | B.E(Tex) |
| (၈) | သတ္တုတူးဖော်ရေး အင်ဂျင်နီယာ | (က) Post-Graduate Diploma(Mine Project Management) | B.E(Min) |
| | | (ခ) Post-Graduate Diploma (Environmental Impact Assessment and Environmental Management System) | All B.E/B.Arch/M.B.,B.S/M.Sc/B.Sc (Forestry, Phys, Chy, Bot, Zoo)/ B.Agr.Sc ဘွဲ့/အလားတူဘွဲ့ရရှိထားသူများ |
| | | (ဂ) Post-Graduate Diploma (Geotechnical Engineering for Tunnel Construction) | B.E(Min, Civil)/M.Sc(Geol) |
| (၉) | သတ္တုဗေဒ အင်ဂျင်နီယာ | Post-Graduate Diploma (Experimental Archaeometallurgy) | B.E(Met)/ B.Sc(Chy)/ B.Sc(Geol)/ B.A(Archaeo) |
| (၁၀) | အင်ဂျင်နီယာ ဘူမိဗေဒ | Post-Graduate Diploma (Engineering Geology) | B.Sc(Geol) (Hons)/B.Tech (Civil, Min. Pet) သက်ဆိုင်ရာလုပ်ငန်းတွင် လုပ်သက်(၃)နှစ်ရှိပြီးသော B.Sc(Geol) ဘွဲ့ရရှိသူများ |

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်)

(ခ) ပညာအရည်အချင်းလိုအပ်ချက်ပါ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၈-၃-၂၀၁၆ရက်(တနင်္လာနေ့)မှစတင်ရယူနိုင်ပြီး (၂၉-၄-၂၀၁၆)ရက်(သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၆ ရက်(ကြာသပတေးနေ့)တွင် ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၉-၅-၂၀၁၆ရက်(တနင်္လာနေ့) | အင်္ဂလိပ်စာ | (၉:၀၀)နာရီမှ(၁၂:၀၀)နာရီ |
| ၁၀-၅-၂၀၁၆ရက်(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | (၉:၀၀)နာရီမှ(၁၂:၀၀)နာရီ |

၅။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန်အမည်စာရင်း(Short List)ကို ၂၅-၅-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၇-၅-၂၀၁၆ ရက်(သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို ၃၁-၅-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသည် (၁)နှစ်သင်တန်းဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်း တက်ရောက်ရန် အရည်အချင်း ပြည့်မီစွာအောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့(၁)နှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၁၃နှင့် ၀၁- ၉၆၆၅၇၅၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
# မဟာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | ပညာအရည်အချင်းလိုအပ်ချက် |
|---|---|---|---|
| (၁) | မြို့ပြအင်ဂျင်နီယာ | (က) Master of Structural Engineering | B.E.(Civil)(Q) |
| | | (ခ) Master of Water Resources Engineering | B.E.(Civil)(Q) |
| | | (ဂ) Master of Geotechnical Engineering | B.E.(Civil)(Q) |
| | | (ဃ) Master of Transportation Engineering | B.E.(Civil)(Q) |
| | | (င) Master of Engineering in Construction Management | B.E.(Civil)(Q) |
| (၂) | စက်မှုအင်ဂျင်နီယာ | Master of Mechanical Engineering | B.E.(Mechanical)(Q) |
| (၃) | လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ | Master of Electrical Power Engineering | B.E.(Electrical Power)(Q) |
| (၄) | အီလက်ထရွန်နစ် အင်ဂျင်နီယာ | Master of Electronic Engineering | B.E.(Electronic)(Q) |
| (၅) | ကွန်ပျူတာ အင်ဂျင်နီယာနှင့် သတင်းအချက် အလက်နည်းပညာ | Master of Computer Engineering & Information Technology | B.E.(Information Technology)(Q) |
| (၆) | မက္ကာထရွန်နစ် အင်ဂျင်နီယာ | Master of Mechatronic Engineering | B.E.(Mechatronic)(Q) B.E.(Mechanical Precision and Automation)(Q) |
| (၇) | ဓာတုအင်ဂျင်နီယာ | (က) Master of Chemical Engineering | B.E.(Chemical )(Q) |
| | | (ခ) Master of Food Technology | DFT,B.E(Chemical)/ M.B.,B.S./B.V.S/B.Ag./ B.Pharm./ B.Med.Tech. ဘွဲ့ရရှိထားသူများ၊ MRes အောင်မြင်ထားပြီးသော B.Sc(IC,Chy,Zoo, Bot)/ B.S.(BioT.)ဘွဲ့/ အလားတူဘွဲ့ရရှိထားသူများ |
| (၈) | ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ | Master of Textile Engineering | B.E.(Textile )(Q) |
| (၉) | သတ္တုတူးဖော်ရေး အင်ဂျင်နီယာ | Master of Mining Engineering | B.E.(Mining )(Q) |
| (၁၀) | သတ္တုဗေဒ အင်ဂျင်နီယာ | (က) Master of Engineering in Extractive Metallurgy | B.E.(Metallurgy)(Q) B.E(Materials Science & Metallurgy)(Q) |
| | | (ခ) Master of Engineering in Adaptive Metallurgy | B.E.(Metallurgy)(Q) B.E(Materials Science & Metallurgy)(Q) |
| (၁၁) | ဗိသုကာ | Master of Architecture | B.Arch(Q) |

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် သုတေသနကျမ်းပြုကာလအပါအဝင် အချိန်ပြည့်(၂)နှစ်သင်တန်းများဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်)

(ခ) အသိအမှတ်ပြုတက္ကသိုလ်များမှ သက်ဆိုင်ရာအဓိကပညာရပ်ဖြင့် သတ်မှတ်ထားသည့်ဘွဲ့ရရှိပြီး မဟာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) အပိုဒ်(၁)တွင် ဖော်ပြထားသည့် ပညာအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော တက္ကသိုလ်များမှ ထောက်ခံချက်(မူရင်း)တင်ပြရမည်။

၄။ သတ်မှတ်လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၈-၃-၂၀၁၆ ရက်(တနင်္လာနေ့)မှစတင်ရယူနိုင်ပြီး ၂၉-၄-၂၀၁၆ ရက် (သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၆ ရက်(ကြာသပတေးနေ့)တွင် ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၉-၅-၂၀၁၆ရက်(တနင်္လာနေ့) | အင်္ဂလိပ်စာ | (၉:၀၀)နာရီမှ(၁၂:၀၀)နာရီ |
| ၁၀-၅-၂၀၁၆ရက်(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | (၉:၀၀)နာရီမှ(၁၂:၀၀)နာရီ |

၆။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန်အမည်စာရင်း(Short List)ကို ၂၅-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၇-၅-၂၀၁၆ ရက်(သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို၃၁-၅-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၁၃နှင့် ၀၁- ၉၆၆၅၇၅၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝွေးကုန်းမျိုးသန့်ခြံတွင် တာဝန်ထမ်းဆောင်နေသော ဦးမဲ၏သမီး အငယ်တန်းစာရေး ဒေါ်စမ်းတင်၏ အမည်မှန်မှာ ဒေါ်စန်းတင် ၅/ခဥန(နိုင်)၀၂၈၅၁၂ဖြစ်ပါကြောင်း။

**ဒေါ်စန်းတင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ဃ/၄၃၁၇ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေး ၈/ဆဖန(နိုင်)၀၁၈၈၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(မကွေး)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/9766 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ (၄)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **KBZ BANK / KBZ GROUP ၏ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံ အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအောင်မြတ်
အုပ်ချုပ်မှုဒါရိုက်တာ
**Mother Trading & Construction Co.,Ltd.**

---

သင့် ကားတွင်း သိပ်ပူနေသလား
စိန် ခေါ်တဲ့ အယ်လ်နီညိုကို တိမ် ပေါ်မှာ အနိုင်ယူလိုက်တဲ့
စိုးပွားအောင် ကားလေအေးစက်ပြုပြင်ရေးဆီသွား...
အန္တာတိကမှာ ရေခဲခွဲသင်္ဘောထဲ သင့် ကားရောက်နေသလား...
ခံ စားသွားရမယ်။
★ ဝန်ဆောင်မှု စိတ်ကြိုက် ဖြစ်စေရမည် ★
တိရစ္ဆာန်ရုံ (ကျောက်တိုင်) မီးပွိုင့်၊ စွမ်းအားမြင့်ဝင်း၊ ဖဆပလ၊ မင်္ဂလာဆောင်ညွှန့်
၀၉ ၂၅၄၄၁၀၂၃၇၊ ၀၉ ၇၃၀၀၅၆၃၇၊ ၀၉ ၇၈၀၀၂၂၄၀၇၊ Hot Line: ၀၉ ၂၅၄၂၅၅၂၈၂

## အမည်ပြောင်း

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ အထက (၄) သတ္တမတန်း(င)တွင် ပညာသင်ကြားနေသော မောင်မင်းထက်ကျော်အား မောင်မင်းခန့်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## အချိုရည်စက်ရုံရောင်းမည်

ကလစ်ဘူးအချိုရည်လုပ်ငန်း လုပ်ကိုင်လျက် လိုင်စင်ပါရောင်းမည်။
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၉၉၈၁၄၁၆၃၊**
**၀၉-၇၉၀၇၀၀၈၂၂**

## YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

YPGG ဂေါက်သီးရိုက်အသင်း၏ (၆၄)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၆ခုနှစ် ဧပြီ ၁ရက် (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် (ပန်းလှိုင်ဂေါက်ကွင်း-လှိုင်သာယာ)တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အလုပ်လုပ်ကြမည်

လိုင်းကားမျိုးစုံပြေးသော လမ်းကျယ်ဘေး၌ မြေကွက်ကျယ်ရှိသည်။ (က) လုပ်ငန်းပူးတွဲ လုပ်လိုပါသလား၊ (ခ) သီးခြားငှားလိုပါသလား လာရောက်ညှိနှိုင်းပါ။ **ဖုန်း-၀၉-၇၈၈၈၈၈၀၁၇၊ ၀၉-၉၇၅၂၀၄၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

